# ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့၊ (7-12-2008) (၅၈၈၅)


**ပဏ္ဍိတာနဉ္စ သေဝနာ ဧတံ မင်္ဂလ မုတ္တမံ**

ပညာရှိသောသူကို မှီဝဲဆည်းကပ်ခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ဒလမြို့နယ် ရွှေလှေချောင်းကျေးရွာ လယ်သမားကြီး ဦးဟန်စိုး၏ မိုးစပါးစိုက်ခင်းတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်နှင့် စပါးရိတ်စက်များဖြင့် စပါးရိတ်သိမ်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်မှုစစ်ဆေး စက်များအသုံးပြုပြီး မိုးစပါးရိတ်သိမ်းမှု ကြည့်ရှုအားပေး

ရန်ကုန် ဒီဇင်ဘာ ၆

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်အတူ ယနေ့ နံနက် ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ကမ်းနားလမ်းရှိ လူမှုဖူလုံရေးအဖွဲ့ရုံးသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးအတွက် ရန်ကုန်တိုင်း အတွင်း ဆောင်ရွက်မှု၊ ယခင်နှစ် ရောဂါဖြစ်ပွားမှုထက် ယခုနှစ်တွင် လျော့နည်းကျဆင်းမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။**

ယင်းနောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးလောက်လမ်းသေဆေး(Abate အဘိတ်) ဝယ်ယူထားမှုအခြေအနေ၊ ဆေးစိမ်ခြင်ထောင် ဖြန့်ဝေပေးမှုအခြေအနေ၊ ရန်ကုန်တိုင်းအတွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) ဌာနမှူး ဦးဗိုလ်ဌေးက အလုံမြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မှု၊ ရွာသစ်ချောင်းနှင့် မြေအောက်ရေမြောင်းများရှိ နုန်းနှင့်အမှိုက်များ ဆယ်တင်မှု၊ အလုံမြို့နယ် ကမ်းနားလမ်းနှင့် သခင်မြပန်းခြံတစ်ဝိုက် သန့်ရှင်းရေးဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အလုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမြင့်က အလုံမြို့နယ်အတွင်း မိုးရာသီတွင် ရေနစ်မြုပ်မှုမှ ကာကွယ်ရေး၊ ရေစီးရေလာကောင်းမွန်ရေးတို့အတွက် ရေနုတ်မြောင်းများ

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ✳

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**အင်တာနက် ကျန်းမာရေး အာဟာရသိပ္ပံသတင်း**



**ကြက်သွန်ဖြူတွင် ဆေးဖက်ဝင် အာနိသင်များစွာ ပါဝင်သည်။**

# ကြက်သွန်ဖြူကို ပုံမှန်စားသုံးခြင်းဖြင့် ဗီတာမင်နှင့် သတ္တုဓာတ်များ ရရှိနိုင်

ချာပယ်လ်ဟီးလ် ဒီဇင်ဘာ ၅

**ကမ္ဘာတစ်ဝန်းလုံးတွင် ဟင်းချက်ပြုတ်ရာ၌ အသုံးပြုသော ကြက်သွန်ဖြူသည် ဆေးဖက်ဝင်အာနိသင်များဖြင့် ပြည့်စုံလှကြောင်း၊ ကြက်သွန်ဖြူကို တစ်နေ့တစ်လုံး စားသုံးပေးပါက ဗီတာမင် အေ၊ ဘီနှင့် စီ ပြည့်ဝစွာ ရရှိမည်သာမက သတ္တုဓာတ်အမျိုးမျိုးကို ခန္ဓာကိုယ်အတွက် ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။**

ကြက်သွန်ဖြူ၏ ထူးခြားသောအာနိသင်များကို လူသမိုင်းတစ်လျှောက်လုံး အသိအမှတ်ပြုခဲ့ကြကြောင်း၊ ကြက်သွန်ဖြူသည် ခန္ဓာကိုယ်တွင်းရှိ ဘေးဥပဒ်ဖြစ်စေနိုင်သော ဓာတ်ပစ္စည်းများကို ဖယ်ရှားပေးနိုင်ပြီး ရောဂါဘယများဖြစ်ပွားခြင်းမှ ကာကွယ်ပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ ချာပယ်လ်ဟီးလ်မြို့ရှိ မြောက်ကာရိုလိုင်းနားတက္ကသိုလ်မှ သုတေသီများ၏ လေ့လာချက်တွင် ဖော်ပြသည်။

ကြက်သွန်ဖြူတွင် ဆယ်လင်နီယမ်၊ အိုင်အိုဒင်း၊ ပိုတက်စီယမ်၊ သံဓာတ်၊ ကယ်လ်စီယမ်၊ ဇင့်နှင့် မဂ္ဂနီစီယမ် သတ္တုဓာတ်တို့ ပါဝင်ကြောင်း၊ ကြက်သွန်ဖြူကို နေ့စဉ် စားသုံးပေးခြင်းဖြင့် အူမကြီးကင်ဆာ ဖြစ်ပွားနိုင်မှု ၁၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ လျော့ချပေးနိုင်ကြောင်း၊ ကြက်သွန်ဖြူကို ပုံမှန်စားသုံးသူများသည် အစာအိမ်ကင်ဆာဘေးအန္တရာယ်မှ

**စာမျက်နှာ ၈ ကော်လံ ၂ သို့** ❖

ကြေးမုံ
The Mirror

၇-၁၂-၂၀၀၈
(တနင်္ဂနွေနေ့)

## စပါးများ အလေအလွင့်မရှိရေး ဂရုပြု မောင်းညိုချိန်တွင် ရိတ်သိမ်း၊ ခြွေလှေ့ သိုလှောင်

နိုင်ငံ၏စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းပေါ်တွင် အဓိကအခြေခံသည်။ ထို့ကြောင့် စိုက်ပျိုးရေးကို အခြေခံပြီး အခြားသော စီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ဖန်တီးတည်ဆောက်ပေးနေသည်။

လယ်ယာလုပ်ငန်းများ၌ စိုက်ပျိုးရေ လုံလောက်စွာရရှိရေး၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ မျိုးကောင်း မျိုးသန့်များ ပြောင်းလဲအသုံးပြုရေး၊ စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ နိုင်ငံတော်၏ ပံ့ပိုးမှု၊ တောင်သူလယ်သမားများ၏ ကြိုးပမ်းမှုတို့ဖြင့် နှစ်စဉ် စပါးတင်းသန်းပေါင်း ၁၅၀၀ ကျော် ထွက်ရှိနေပြီဖြစ်သည်။

ယခုအချိန်တွင် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အချို့ဒေသများ၌ မိုးစပါးကွင်းပိတ်ရိတ်သိမ်းပွဲများပင် ကျင်းပနေပြီဖြစ်သည်။ မိုးစပါးများ အလေအလွင့်နည်းပါးစေရန် မောင်းညိုချိန်တွင် စက်အား၊ လူအားဖြင့် ရိတ်သိမ်းခြင်း၊ ခြွေလှေ့ခြင်းများ ပြုလုပ်ကြရမည်ဖြစ်သည်။

လက်ရှိဖြစ်ပေါ်နေသော မိုးလေဝသအခြေအနေများအရ အချိန်အခါမဟုတ် မိုးရွာသွန်းနိုင်သဖြင့် ခြွေလှေ့ပြီး စပါးများကို နေလှန်းပြီး အမိုးအကာအောက်သို့ အမြန်ရောက်ရှိစေရေး စနစ်တကျ သယ်ယူပို့ဆောင်၊သိုလှောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ကြရမည်ဖြစ်သည်။

ယင်းသို့ စပါးများ ရိတ်သိမ်း၊ ခြွေလှေ့၊ သိမ်းဆည်း သိုလှောင်ရေးလုပ်ငန်းများကို အချိန်မီ မဆောင်ရွက်နိုင်ပါက စပါးတစ်ဧကလျှင် သုံးတင်းခန့်လေလွင့်ဆုံးရှုံးနိုင်သည်။ ထို့အပြင် ထွက်ရှိလာသည့်ဆန်များ အကျိုးအကြေများပြီး ဆန်အရည်အသွေးလည်း ညံ့ဖျင်းနိုင်ကြောင်း သိရသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တိုးတက်ပြောင်းလဲနေသည့် ခေတ်မီစိုက်ပျိုးရေး နည်းပညာများနှင့်အတူ သီးနှံစိုက်စွမ်းအားမြင့်မားရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေးတို့အတွက် အားပေးကူညီလျက်ရှိရာ တောင်သူလယ်သမားများအနေဖြင့် စပါးသီးနှံ အလေအလွင့်မရှိစေရေး အသိပေး နှိုးဆော်ချက်များအတိုင်း လိုက်နာဆောင်ရွက်ကြခြင်းဖြင့် သီးနှံအထွက်တိုး အကျိုးဖြစ်ထွန်းမှုများ ပိုမိုရရှိလာမည် ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဆုချီးမြှင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်ဆုချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၆

**အမှတ်(၃)အခြေခံပညာဦးစီးဌာန လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်ဆုရရှိကြသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် အဆိုပါကျောင်းရှိ မြည်လာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်သည်။**

ရှေးဦးစွာ အခမ်းအနားကို လသာရတနာတေးဂီတအဖွဲ့မှ ကျောင်းသူများက အထက(၂)လသာ ကျောင်းသီချင်းဖြင့်သီဆို၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက အမှာစကား ပြောကြားကြသည်။

### ဆုများ ချီးမြှင့်

ယင်းနောက် တိုင်းမှူးက ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး အဆင့်(၁)မှ (၁၀)အတွင်း ရရှိသည့် ကျောင်းသူများနှင့် ခြောက်ဘာသာနှင့် ငါးဘာသာဂုဏ်ထူးရရှိသည့်ကျောင်းသူများအားလည်းကောင်း၊ တိုင်းမှူး၏ဇနီးက ငါးဘာသာဂုဏ်ထူး ရရှိသည့် ကျောင်းသူများအား လည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက လေးဘာသာ၊သုံးဘာသာ၊ နှစ်ဘာသာ၊ တစ်ဘာသာ ဂုဏ်ထူးရရှိကြသည့် ကျောင်းသူများနှင့် ဝူရှူး၊ ဘတ်စကက်ဘော၊ ဘင်ခရာနှင့် လသာရတနာ တီးဝိုင်း ထူးချွန်ကျောင်းသူများအား ဆုများ ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာတစ်နိုင်ငံလုံး အဆင့်(၁)မှ (၁၀)အတွင်း ရရှိသည့် ကျောင်းသူများအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)




## စေတနာညကျောင်းဖွင့်လှစ် သင်ထောက်ကူပစ္စည်းများပေးအပ်

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော စေတနာညကျောင်း ဖွင့်လှစ်ခြင်းနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ဒီဇင်ဘာ ၄ ရက် ညနေ ၃ နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေအထက(၁)၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ရန်ကုန်အရှေ့ပိုင်းခရိုင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊အလှူရှင်များစုစုပေါင်း အင်အား ၂၅၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ကြင်မြိုင်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအား သင်ကြားရာတွင် အထောက်အကူဖြစ်စေမည့် သင်ထောက်ကူပစ္စည်းများအားထောက်ပံ့လှူဒါန်းသည်။ ထို့နောက် အလှူရှင်များ၏လှူဒါန်းမှုကို လက်ခံပြီးနောက် အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ ၂၀၀၀ ကို လက်ခံခဲ့သည်။

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်အေးဆွေက စေတနာညကျောင်း ဖွင့်လှစ်ရခြင်း အကြောင်းကို ရှင်းလင်းတင်ပြပြီးနောက် အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ (ဝဇ)

## ဓနုဖြူမြို့ အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၆**

ဓနုဖြူမြို့အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပမည့် (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲသို့ ဒီဇင်ဘာ ၁၄ ရက် (တနင်္ဂနွေ)နေ့ နံနက် ၆ နာရီခွဲတွင် အလုံမြို့နယ်ရှိ ဓနုဖြူမြို့နယ်အသင်း (ရန်ကုန်) ရုံးမှ မော်တော်ယာဉ်များ ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် သင်တန်းအသီးသီး၌ ပထမရရှိသည့် ဝန်ထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ရထား)




## တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ကြသည့် မြန်မာ့မီးရထားဝန်ထမ်း သား၊ သမီးများအား ဂုဏ်ပြုပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**

၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် သင်တန်းအသီးသီး၌ ပထမရရှိကြသော ဝန်ထမ်းများနှင့် တက္ကသိုလ်ဝင် စာမေးပွဲ၊ စတုတ္ထတန်း၊ အဌမတန်းတို့၌ ထူးချွန်စွာ အောင်မြင်ကြသည့် ဝန်ထမ်းသား၊သမီးများအား ဂုဏ်ပြုခြင်းအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင်စက်ခေါင်း စက်ရုံ (အင်းစိန်) အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေ တက်ရောက်၍ ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းအသီးသီး၌ ဆုရရှိကြသော မြန်မာ့မီးရထား ဝန်ထမ်းသုံးဦးနှင့် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် စတုတ္ထတန်းနှင့် အဌမတန်းတို့၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## သဘာဝဘေးနှင့် စီမံခန့်ခွဲမှုဆင့်ပွားသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်မြောက်ပိုင်းခရိုင်၊လှိုင်သာယာမြို့နယ်၊သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် စီမံခန့်ခွဲမှုဆင့်ပွားသင်တန်း (၁/၂၀၀၈) ဆင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၁ရက် မွန်းတည့် ၁၂နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ရာ သက်ဆိုင်ရာအဖွဲ့အစည်းများကိုယ်စား သက်ဆိုင်ရာ သင်တန်းသားများက အသီးသီးလက်ခံရယူကြကြောင်း သိရှိရသည်။ **(ယာပုံ)**

သဘာဝဘေး ကြိုတင်ကာကွယ်ရေးနှင့် စီမံခန့်ခွဲမှုဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၀၈) သင်တန်းကို နိုဝင်ဘာ ၁၇ ရက်မှ နိုဝင်ဘာ ၂၁ ရက်အထိ ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၁၀၀ တက်ရောက်ခဲ့သည်။

(၄၉)



## ညောင်လေးပင်မြို့နယ် သောင်ကြီး အလက(ခွဲ) ပညာရည်ချွန်ဆုချီးမြှင့်မည်

**ရန်ကုန် ဒီဇင်ဘာ ၆**

ပဲခူးတိုင်း(အရှေ့)ညောင်လေးပင်မြို့နယ် သောင်ကြီး အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၏ ၂၀၀၇-၂၀၀၈ ခုနှစ် ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ၂၀၀၉ခုနှစ် ဇန်နဝါရီ ၅ရက် နံနက် ၉နာရီတွင် ကျောင်းခန်းမ၌ (၆)ကြိမ်မြောက် ကျင်းပမည်ဖြစ်ရာ ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအကျိုးတော်ဆောင်နာယက ရန်ကုန်မြို့နေ ဦးကျော်ဝ၊ ဦးခင်ဝင်းတို့ဦးဆောင်၍ ကျေးရွာရှိစေတနာရှင်များ စုပေါင်းပြီး အနီးပတ်ဝန်းကျင်ကျေးရွာ အမက(၅)ကျောင်းမှ ဆုရကျောင်းသား၊ ကျောင်းသူများကိုပါ ပညာရည်ချွန်ဆုချီးမြှင့်ပေးရန် စီစဉ်ထားသည်ဟုသိရသည်။(၂၃)

# ဓနုတ်စေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေး အစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၆

**ဓနုတ်စေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ဓနုတ်စေတီတော်ရင်ပြင်ရှိ ပုညကာရီတန်ဆောင်း၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။**

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရွှေသံလွင်ကုမ္ပဏီ ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ စီမံကိန်းအင်ဂျင်နီယာဦးစိုင်းနော်ခမ်း၊ ဘဏ္ဍာငွေရှာဖွေရေးကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်ဝင်းတို့က လုပ်ငန်းဆိုင်ရာများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ဆံတော်ရှင် ဓနုတ်စေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)



**တပျော်တပါး ပါဝင်ဆင်နွှဲ**

**၂၀၀၈ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို နေပြည်တော်မြို့မဈေးအရှေ့၌ကျင်းပရာ ဝန်ကြီးဌာန အသီးသီးတို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ပြည်သူများ၊ တပျော်တပါး ပါဝင်ဆင်နွှဲကြစဉ်။**
(သတင်းစဉ်)

# ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၆

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် ယနေ့နံနက် ၆နာရီတွင် နေပြည်တော်မြို့မဈေးရှေ့၌ ကျင်းပသော ၂၀၀၈ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ဆင်နွှဲသည်။**

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် အေးမြင့်ကြူနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ပြည်သူလူထုများ စုစုပေါင်းအင်အား ၇၀၀၀ ကျော်တို့တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ နံနက် ၅ နာရီခွဲမှစတင်၍ ဝန်ကြီးဌာနအသီးသီးတို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များသည် စုရပ်တွင်နေရာယူကြပြီး ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဦးဆောင်၍ နံနက် ၆နာရီတွင် စတင်တာထွက် လမ်းလျှောက်ကြရာ သပြေကုန်းအဝိုင်းကိုပတ်၍ နေပြည်တော် ပျဉ်းမနား-တောင်ညို လမ်းမကြီးအတိုင်း နေပြည်တော်မြို့မဈေးရှေ့ စုရပ်သို့ ပြန်လည်ပန်းဝင် လာကြပြီး စုရပ်တွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအစီအစဉ် အတွဲအမှတ်(၁)နှင့်(၂)တို့ကို စုပေါင်းလေ့ကျင့်ကြ၍ အားကစားဝန်ကြီးဌာန မိသားစုများက စားသောက်ဖွယ်ရာနှင့် သောက်ရေသန့်များဖြင့် ကျွေးမွေးဧည့်ခံကြသည်။

(သတင်းစဉ်)



**၂၀၀၈ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို နေပြည်တော်မြို့မဈေးအရှေ့၌ ကျင်းပရာ ဝန်ကြီးဌာနအသီးသီးတို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ပြည်သူများ တပျော်တပါး ပါဝင်ဆင်နွှဲကြစဉ်။**
(သတင်းစဉ်)



**သယ်န်းကျွန်းမြို့နယ် မီးဘေး အန္တရာယ် ကင်းဝေးစေရေးအတွက် ဒီဇင်ဘာ ၆ ရက်က မြို့နယ် မီးသတ်ဦးစီးမှူး ရဲကျော်သူညဏ်ထွန်းနှင့် သန္နေတပ်ဖွဲ့ဝင်များ၊ မြို့နယ်အရန်မီးသတ် ဒုတိယတပ်ရင်းမှူး ခင်မောင်ထွန်း၊ ကြီးပွားရေးရပ်ကွက် ဥက္ကဋ္ဌ ဦးဆောင်းတင်နှင့်အဖွဲ့ဝင်များ၊ ဒေသအရန် မီးသတ်တပ်ဖွဲ့များ ကြီးပွားရေးရပ်ကွက်အတွင်း ကွင်းဆင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ ဆောင်ရွက်ထားရှိမှုကို လမ်းအလိုက် တစ်အိမ်တက်ဆင်း စစ်ဆေး ဆောင်ရွက်ကြစဉ်။**
(၅၀၆)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

## ဦးခိုက်ညွတ်တွားရှေးကဝိများ

- ဟိုရှေးရာစု၊ ပု၊ ပင်း၊ အင်း၊ တောင်
ညောင်၊ ကုန်းဘောင်တွင်၊ ခေတ်စဉ်ဆက်ဆက်
စာမျိုးဆက်များ၊ ထင်ရှားခဲ့ကြ
မြန်မာ့စာပေ၊ ယဉ်ကျေးမှုများ
တန်ဖိုးထားဖွယ်၊ ဇာတိနွှယ်လည်း
ဝင့်ထည်ဂုဏ်ယူအပ်ပေ၏။
- သံဝေပြုရန်၊ အနန္တသူရိယ
ဓမ္မကြောင်းမှန်၊ တရားချန်လှစ်
ပုဂံခေတ်တွင်၊ ဂန္ထဝင်မွေ
စာပေရတနာ၊ ထားရစ်ပါခဲ့
တကယ့်အနုဂ္ဂအမှန်တည်း။
- ပင်းယခေတ်တွင်၊ စတုရင်
ဗလအမတ်ကြီး၊ စွမ်းအင်ကြီးမား
စာပေများတွေ့၊ ရေးသွားလေရစ်
အင်းဝခေတ်တွင်၊ ရှင်မဟာရဋ္ဌ
ရှင်သီလဝံသနှင့်၊ ထိုမှတစ်ဖြာ
တောင်ဖီလာအစ၊ များလှထွေထွေ
စာပေရှင်အဆူဆူ၊ တောင်ငူနတ်သျှင်
ညောင်ရမ်းတွင်ပဒေသရာဇာ၊ ကုန်းဘောင်မှာဆရာဖေ
နဘေပြိုင်ကြ၊ ဦးပုညမဟော်
ကလော်တိုင်းဉာဏ်ထွက်၊ ပေထက်ကညစ်တင်
ဂုဏ်အလင်္ကာ၊ ရသဖြာဝေ
စာအမွေမြတ်၊ ပေးသီစပ်ကြ
လောကဓမ္မကြောင်း၊ သောင်းပြောင်းစုံလင်
ကဝိရှင်မော်၊ စာဆိုတော်များ
ကြီးမားအထူး၊ ဂုဏ်ကျေးဇူးကို
ရှိသေပူဇော်၊ ရှိကော်ရော်သည်
နတ်တော်နှင်းတို့ဝေချိန်တည်း။

**ဦးအောင်မွန် (မဟာဝိဇ္ဇာ)**

# သက်ကြီးစာပေပညာရှင်များအား အိမ်တိုင်ရာရောက်သွားရောက်ကန်တော့

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဦးကိုကို (ကိုကို-စက်မှု တက္ကသိုလ်)၊ ဗဟိုအလုပ်အမှုဆောင် ဦးလှထွန်း (လှထွန်း-တွံတေး)တို့သည် ၁၃၇၀ ပြည့်နှစ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲသို့ မတက်ရောက်နိုင်ခဲ့သည့် ရန်ကုန်မြို့ အလုံမြို့နယ်နှင့် စမ်းချောင်းမြို့နယ်တို့မှ သက်ကြီးစာပေပညာရှင်ကြီး လေးဦးအား ဒီဇင်ဘာ ၅ ရက်က အိမ်တိုင်ရာရောက် သွားရောက် ကန်တော့ကာ တစ်ဦးလျှင် ငွေကျပ် ၁၃၀၀၀၀ စီနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း၊ ယနေ့သွားရောက်ကန်တော့ခဲ့ကြသည့် ဆရာကြီး ဆရာမကြီးများမှာ ဆရာကြီးဦးအေးဖေ (တိုင်းရင်းမေ)၊ ဆရာမကြီးဒေါ်ယုဝတီရွှေဝါစိန်၊ ဆရာမကြီး ဒေါ်ယုဝတီမာလာသိန်းနှင့် ဆရာမကြီးဒေါက်တာမြင့်မြင့်ခင် တို့ဖြစ်ကြကြောင်း သတင်းရရှိသည်။

**(အောက်ပုံ)**
(သတင်းစဉ်)



## မော်တော်ဆိုင်ကယ်စီးနင်းသူများလိုက်နာရန်

ရန်ကုန်မြို့ စည်ပင်သာယာနယ်နိမိတ်အတွင်း အစိုးရဌာနဆိုင်ရာ မော်တော်ဆိုင်ကယ်များကိုသာ လုပ်ငန်းလိုအပ်ချက်အရ စီးနင်းခွင့်ပြုခဲ့ပြီး ဌာနဆိုင်ရာမော်တော်ဆိုင်ကယ်များ စီးနင်းရာတွင် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ကြရန်နှင့် မော်တော်ဆိုင်ကယ်များတွင်လည်း ဌာနတံဆိပ်များ ကပ်ထားရပါမည်။ ဆိုင်ကယ်စီးနင်းသူများအနေဖြင့်လည်း မော်တော်ဆိုင်ကယ်စီးဦးထုပ် ဆောင်းလျက် မေးသိုင်းကြိုးကို သေချာစွာတပ်ဆင်ချည်နှောင်စီးနင်းကြရန်နှင့် ဆိုင်ကယ်စီးဦးထုပ် မဆောင်းဘဲ စီးနင်းခြင်း၊ နှစ်ယောက်နှင့်အထက် တင်ဆောင်စီးနင်းခြင်းများကို စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ နယ်ကျော်စီးနင်းသည့် မော်တော်ဆိုင်ကယ်များအား စစ်ဆေးတွေ့ရှိပါက အဆိုပါမော်တော်ဆိုင်ကယ်များအား နိုင်ငံပိုင်အဖြစ် သိမ်းဆည်းပြီး စီးနင်းသူကိုလည်း ထိရောက်စွာအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**

## အီရတ်၌ အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

**မိုဆူး ဒီဇင်ဘာ ၆**

အီရတ်နိုင်ငံမိုဆူးမြို့တွင်ဒီဇင်ဘာ ၄ရက်က အသေခံကားဗုံးဖြင့် တိုက်ခိုက်မှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး အရပ်သားကိုးဦး ဒဏ်ရာရရှိကြောင်း အမေရိကန် စစ်ဘက်က ပြောကြားသည်။

နိုဝင်ဘာ ၂၇ ရက်တွင် အီရတ်ပါလီမန်က အမေရိကန်နှင့် လုံခြုံရေး သဘောတူညီချက်တစ်ရပ်ကို ခွင့်ပြုလိုက်ပြီးနောက် ရက်သတ္တပတ်အကြာ အီရတ်နိုင်ငံ၌ အီရတ်ရဲတပ်ဖွဲ့များကို ပစ်မှတ်ထား၍ ဗုံးဖောက်ခွဲမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အီရတ်တောင်ပိုင်း၌ ဗြိတိန်တပ်ဖွဲ့ဝင်သေဆုံး

**လန်ဒန် ဒီဇင်ဘာ ၆**

အီရတ်နိုင်ငံ တောင်ပိုင်းတွင် ဗြိတိန်တပ်ဖွဲ့ဝင်တစ်ဦးသည် သေနတ်ဒဏ်ရာဖြင့် သေဆုံးကြောင်း ဗြိတိန်ကာကွယ်ရေး ဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ပြောကြားသည်။

အဆိုပါတပ်ဖွဲ့ဝင်သည် ဗြိတိန် အမှတ် ၉ လေတပ်ဖွဲ့မှဖြစ်သည်။

၂၀၀၃ခုနှစ် မတ်လမှစ၍ အီရတ်နိုင်ငံတွင် သေဆုံးသူဗြိတိန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၁၇၇ ဦး ဖြစ်လာပြီး ယခုအချိန်ထိ အီရတ်နိုင်ငံ တောင်ပိုင်းတွင် ဗြိတိန်နိုင်ငံက တပ်ဖွဲ့ဝင် ၄၀၀၀ ခန့်တပ်စွဲထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**အာဖဂန်နစ္စတန်နိုင်ငံကဘူးမြို့တွင် ဗြိတိန်တပ်ဖွဲ့ ယာဉ်တန်းအား အသေခံဗုံးဖြင့် တိုက်ခိုက်ပြီးနောက် ပျက်စီးနေသည့် ယာဉ်ကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## အာဖဂန်နစ္စတန်၌ ဒိန်းမတ်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

**စတော့ဟုမ်း ဒီဇင်ဘာ ၆**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် ဒီဇင်ဘာ ၄ ရက်က ဒိန်းမတ်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးကြောင်းကိုပင်ဟေဂင်မှလာသော သတင်းကဖော်ပြသည်။

**ဖော်ပြ**

ဟဲလ်မန့်ပြည်နယ် ဂါရတ်မြို့တောင်ဘက် ရှစ်ကီလိုမီတာခန့်အကွာတွင် နေတိုးဦးဆောင်သော နိုင်ငံတကာလုံခြုံရေး ထောက်ကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)နှင့်အတူရင်း တပ်ဖွဲ့ဝင်များ ကင်းလှည့်နေစဉ် တိုက်ပွဲများဖြစ်ခဲ့ကြောင်း ဒိန်းမတ်စစ်ဘက်က ဖော်ပြသည်။

**ပြောကြား**

ပထမတပ်ဖွဲ့ဝင်မှာ ကင်းလှည့်နေစဉ် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိကာ သေဆုံးခဲ့ပြီး ဒုတိယတပ်ဖွဲ့ဝင်မှာ အဆိုပါ ဗုံးပေါက်ကွဲမှုဖြစ်ပွားရာနေရာသို့ သွားရောက်ကူညီစဉ် ဗုံးပေါက်ကွဲမှု ထပ်မံဖြစ်ပွားခြင်းကြောင့် သေဆုံးရကြောင်း စစ်ဘက်က ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံတွင်ဒိန်းမတ်တပ်ဖွဲ့ဝင် သေဆုံးသူရှစ်ဦးဖြစ်လာပြီး အာဖဂန်နစ္စတန်နိုင်ငံ ဟဲလ်မန့်ပြည်နယ်ရှိ နေတိုးတပ်ဖွဲ့တွင် ဒိန်းမတ်တပ်ဖွဲ့ဝင် အင်အား ၇၀၀ ခန့် ရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***




## အာဖဂန်နစ္စတန်၌ အသေခံကားဗုံးဖြင့်တိုက်ခိုက် နှစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိ

**ကဘူး ဒီဇင်ဘာ ၆**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ခို့စ်ပြည်နယ်တွင် ဒီဇင်ဘာ ၄ ရက်က အစိုးရအဆောက်အအုံများအား အသေခံ ဗုံးနှစ်လုံးဖြင့် တိုက်ခိုက်မှုကြောင့် နှစ်ဦးထက်မနည်း သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိကြောင်း ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

**သေဆုံးခဲ့**

ယင်းနေ့ နံနက်ပိုင်းက ခို့စ်ပြည်နယ်ရှိ အမျိုးသား လုံခြုံရေးဌာန ဝန်းခြံနံရံသို့ အသေခံ ကားဗုံးဖြင့် တိုက်ခိုက်ခဲ့သည်။ ယင်းဗုံး ပေါက်ကွဲမှုကြောင့် အသေခံ တိုက်ခိုက်ရေးသမားနှင့် လုံခြုံရေးအစောင့် နှစ်ဦးလည်း သေဆုံးခဲ့သည်။

**ဒဏ်ရာရရှိ**

အဆိုပါ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီး ခဏအကြာတွင် ပေါက်ကွဲစေသည့် ပစ္စည်းများ တိုက်ဖျက်ရေးဌာန အဆောက်အအုံအား အသေခံ ဗုံးဖြင့် ထပ်မံတိုက်ခိုက်မှုကြောင့် အရပ်သားသုံးဦးဒဏ်ရာရရှိကြောင်း ၎င်းကထည့်သွင်းပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ မြောက်ပိုင်း အက်ရှာဘီရပ်ကွက်အတွင်း ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးနေသော ယာဉ်နှင့် အဆောက်အအုံကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ပါရီတွင် ဒေါ်လာသန်း ၁၀၀ကျော်ဖိုး ဓားပြတိုက်ခံရ

**ပါရီ ဒီဇင်ဘာ ၄**

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ နာမည်ကြီးကျောက်မျက်ရတနာဆိုင်တစ်ဆိုင်မှ အနည်းဆုံး ယူရိုငွေသန်း ၈၀ (အမေရိကန်ဒေါ်လာ ၁၀၂ သန်း)တန်ဖိုးရှိသော လက်ဝတ်ရတနာများ သောကြာနေ့က ဓားပြတိုက်ခံရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမျိုးသမီးကဲ့သို့ ဝတ်စားဆင်ယင်လာသော ဓားပြလေးဦးသည် ဟာရီဝင်စတန် ရတနာဆိုင်အတွင်းသို့ အမြဲဝင်ရောက်လာပြီး တန်ဖိုးရှိသော ပစ္စည်းအားလုံးနီးပါးကို ယူဆောင်သွားကြသည်။

ဓားပြများသည် ဆိုင်၏သတင်းအချက်အလက်များကို ကောင်းစွာရရှိထားဟန်ရှိကြောင်း၊ ဆိုင်ဝန်ထမ်းအချို့၏အမည်ကိုပင် သိကြကြောင်း ရဲတပ်ဖွဲ့ကပြောသည်။

ဤရတနာဆိုင်သည် ယမန်နှစ်ကလည်း ဓားပြတိုက်ခံရကြောင်း၊ ယူရိုငွေ ၁၀ သန်း (အမေရိကန် ဒေါ်လာ ၁၃ သန်း) တန်ဖိုးရှိသော လက်ဝတ်ရတနာများပါသွားခဲ့သည်ဟုဆိုသည်။

ယခုဓားပြမှုသည် ပြင်သစ်နိုင်ငံတွင် ၁၀ စုနှစ်ပေါင်းများစွာအတွင်း အကြီးမားဆုံးသော ဓားပြတိုက်မှုကြီးများမှတစ်ခုဖြစ်သည်ဟု ဆိုသည်။ ***အင်တာနက်။***

# နိုင်ငံတကာသတင်းမှတ်စု

## နာဆာဒုတိယအုပ်ချုပ်ရေးမှူး နုတ်ထွက်မည်

နာဆာအဖွဲ့၏ ဒုတိယအုပ်ချုပ်ရေးမှူး ရှာနာဒါလေသည် ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၇ရက်တွင် ယင်းအဖွဲ့မှ နုတ်ထွက်မည်ဖြစ်ကြောင်း နာဆာက သောကြာနေ့တွင် ပြောကြားသည်။ ဒါလေသည် ၂၀၀၅ ခုနှစ် နိုဝင်ဘာလကတည်းက နာဆာအဖွဲ့၏ ဒုတိယအုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ နာဆာအဖွဲ့မတိုင်မီ ဒါလေသည် အမေရိကန် အောက်လွှတ်တော်၊ တက္ကဆက်တက္ကသိုလ်၊ အိမ်ဖြူတော်၏ သိပ္ပံနှင့်နည်းပညာမူဝါဒရုံးနှင့် ကယ်လီဖိုးနီးယားရှိ ဥပဒေကုမ္ပဏီများတွင် လုပ်ကိုင်ခဲ့သည်။

## ရုရှားတိုက်လေယာဉ်လေ့ကျင့်ပျံသန်းစဉ်ပျက်ကျ

ရုရှားနိုင်ငံ ဆိုက်ဘေးရီးယားဒေသတွင် ဒီဇင်ဘာ ၅ ရက် စောစောပိုင်းက အမ်အိုင်ဂျီ-၂၉ ဂျက်တိုက်လေယာဉ်သည် ချီတာဒေသ ဒမ်နာလေယာဉ်ကွင်းမှ ၅ကီလိုမီတာခန့်အကွာ၌ ဒေသစံတော်ချိန် နံနက် ၆နာရီ ၁၂မိနစ်က ပျက်ကျခဲ့ကြောင်း၊ လေယာဉ်မှူးသေဆုံးကြောင်း လေတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

## အီဂျစ်၌ လေးထပ်အဆောက်အအုံ ပြိုကျ

အီဂျစ်နိုင်ငံမြောက်ပိုင်း အလက်ဇန္ဒြားဆိပ်ကမ်းမြို့တွင် ဒီဇင်ဘာ ၄ရက်က လူနေတိုက်ခန်းပြိုကျမှုကြောင့် နှစ်ဦးထက်မနည်း သေဆုံးပြီး အပျက်အစီးများအောက်တွင် သေဆုံးနေသော အသက် ၇၁နှစ် အရွယ်ရှိ အမျိုးသမီးတစ်ဦးနှင့် ၃၄ နှစ် အရွယ်ရှိအမျိုးသားတစ်ဦးတို့ကို ရှာဖွေတွေ့ရှိသည်။

ယင်းအဆောက်အအုံမပြိုကျမီ တာဝန်ရှိသူများက အဆောက်အအုံအတွင်းနေထိုင်ခြင်းမပြုရန် အမိန့်ထုတ်ထားကြောင်း၊ ၎င်းသေဆုံးသူနှစ်ဦးမှ တစ်ပါး အခြားနေထိုင်သူအားလုံးမှာ ယင်းလေးထပ်အဆောက်အအုံမှ ပြောင်းရွှေ့ခဲ့ပြီးဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

## နိုင်ဂျီးရီးယား၌ စစ်သွေးကြွများ ပြန်ပေးဆွဲ

နိုင်ဂျီးရီးယားနိုင်ငံ အရှေ့တောင်ဘက် ရေးဗားနှင့် အက်ဝါအိုင်ဘွန်ပြည်နယ်တို့တွင် စစ်သွေးကြွများက လွှတ်တော်အမတ် လီမက်ဘာ၏မိခင်နှင့် နိုင်ငံခြားသားနှစ်ဦးအပါအဝင် လေးဦးအားပြန်ပေးဆွဲသွားကြောင်း သိရသည်။ အသက် ၇၇နှစ်ရှိ နိုဝါမက်ဘာကို ရေးဗားပြည်နယ် ခါနာဒေသရှိ ၎င်းနေထိုင်ရာ လူဝါကျေးရွာ၌ ဒီဇင်ဘာ ၄ရက်က ပြန်ပေးဆွဲခံရခြင်းဖြစ်သည်။

အခြားသူများမှာ ကနေဒါရေနံကုမ္ပဏီတစ်ခုမှ ဝန်ထမ်းများဖြစ်ပြီး အက်ဝါအိုင်ဘွန်ပြည်နယ် ရေနံမြေတွင် ဒီဇင်ဘာ ၄ရက်၌ ပြန်ပေးဆွဲခံရခြင်းဖြစ်ကြောင်း သိရသည်။

## တောင်ကိုရီးယား၌ ကုန်လှောင်ရုံမီးလောင်

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တောင်ဘက်ရှိ ထောက်ပံ့ပို့ဆောင်ရေး စီမံဖွဲ့စည်းမှုဗဟိုဌာန၏ ကုန်လှောင်ရုံတွင် မီးလောင်ရာ အလုပ်သမားခြောက်ဦးထက်မနည်း သေဆုံးကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

အဆိုပါ မီးလောင်မှုသည် ဆိုးလ်မြို့အရှေ့တောင်ဘက် ကီလိုမီတာ ၈၀အကွာရှိ ဂျောင်ဂျီပြည်နယ် အီချီအွန်ဒေသ ကုန်လှောင်ရုံတစ်ခုတွင် ဒေသစံတော်ချိန် မွန်းလွဲ ၁၂နာရီ ၁၀မိနစ်ခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

## ဇင်ဘာဘွေ၌ ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် အရေးပေါ်အခြေအနေ ကြေညာ

ဇင်ဘာဘွေအစိုးရက နိုင်ငံအတွင်း ကာလဝမ်းရောဂါ ဖြစ်ပွားနေမှုကြောင့် အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး ရောဂါတိုက်ဖျက်ရာတွင် အကူအညီပေးရန် အလှူရှင်နိုင်ငံများအား မေတ္တာရပ်ခံထားကြောင်း နိုင်ငံပိုင်သတင်းဌာန ဟာရေးက ကြာသပတေးနေ့တွင် ဖော်ပြခဲ့သည်။ ဇင်ဘာဘွေအစိုးရ၏ ကိန်းဂဏန်းဖော်ပြချက်အရ ကာလဝမ်းရောဂါ ဖြစ်ပွားမှုကြောင့် ၅၆၃ ဦး သေဆုံးသည်ဟု ဆိုသည်။

**စုစည်းဘာသာပြန်သူ-စိုးစိုးနိုင်**

# ဂျာမနီက ကိုယ်ပိုင်ထောက်လှမ်းရေး ဂြိုဟ်တုစနစ်ထားရှိ

**ဘာလင် ဒီဇင်ဘာ ၆**

ဂျာမနီနိုင်ငံ စစ်ဘက်ဆိုင်ရာများသည် ကိုယ်ပိုင်ထောက်လှမ်းရေး ဂြိုဟ်တုစနစ်ကို စတင်အသုံးပြုနေပြီဖြစ်ကြောင်း ဒီဇင်ဘာ ၄ရက်တွင် ထွက်ပေါ်လာသော အင်တာနက်သတင်းကဖော်ပြသည်။

ထိုထောက်လှမ်းရေးဂြိုဟ်တုစနစ်ကို ဆင်သက်တစ်-အပါချာ ရေဒါစနစ် (အက်စ်အေအာရ်)ဟူ၍ အတိုကောက်ခေါ်ဝေါ်သုံးနှုန်းသည်။ ယင်းစနစ်၏ မြေပြင်ထိန်းချုပ်ရေးစခန်းသည် ဂျာမနီနိုင်ငံအနောက်ပိုင်းတွင် တည်ရှိသည်။

ယခင်အခါက ဂြိုဟ်တုထောက်လှမ်းရေးသတင်းများ ရရှိရေးအတွက် ဂျာမနီနိုင်ငံသည် အမေရိကန်တို့၏ ဂြိုဟ်တုစနစ်ကို အားထားရသည်။ ယခုအခါ ကိုယ်ပိုင် အက်စ်အေအာရ်စနစ်ရှိနေပြီဖြစ်၍ ဂျာမနီသည် အချက်အလက်ရရှိရေးအတွက် အမေရိကန်တို့အပေါ် မှီခိုရခြင်းမရှိဟု ဒုတိယရေတပ် ဗိုလ်ချုပ်ကြီး ဝုဖရမ်ကူရန်ကပြောကြားသည်။

ကိုဆိုဗိုစစ်ပွဲဖြစ်ပွားသည့် ၁၉၉၉ ခုနှစ်အတွင်းက ဂျာမန်တို့သည် ဂြိုဟ်တုထောက်လှမ်းရေးသတင်းများရရှိရန် တစ်ပါးသူအပေါ်မှီခိုခဲ့ရသဖြင့် ကိုယ်ပိုင်စနစ်တစ်ရပ်ထားရှိရန် လိုအပ်သည်ဟူသောအချက်ကို သဘောပေါက်ခဲ့သည်ဟုဆိုသည်။

အက်စ်အေအာရ် ထောက်လှမ်းရေးဂြိုဟ်တုစနစ်တွင် ဂြိုဟ်တုငါးလုံးနှင့် မြေပြင်ထိန်းချုပ်ရေးစခန်းတစ်ခုတို့ပါဝင်သည်။ အမေရိကန်ဒေါ်လာ ၄၄၅သန်း တန်ဖိုးရှိသော အဆိုပါ ထောက်လှမ်းရေးစနစ်ကြောင့် ဂျာမနီနိုင်ငံစစ်ဘက်သည် ကမ္ဘာ၏မည်သည့်နေရာရှိ အချက်အလက်ကိုမဆို ရာသီဥတုမရွေး ရယူနိုင်သည်ဟုဆိုသည်။ ***အင်တာနက်။***



**ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးနှင့် ပါလက်စတိုင်းများ တစ်ဖက်နှင့်တစ်ဖက် ပဋိပက္ခဖြစ်နေကြသည်ကို ဒီဇင်ဘာ ၂ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## ကြေးမုံ The Mirror
## နိုင်ငံတကာသတင်းများ

# ဆော်ဒီသို့ဆရာဝန်များသွားရောက် အလုပ်လုပ်ခြင်းကို အီဂျစ်အစိုးရ ပြန်လည်ခွင့်ပြု

**ကိုင်ရို ဒီဇင်ဘာ ၆**

အီဂျစ်အစိုးရသည် ဆော်ဒီအာရေဗျနိုင်ငံသို့ ဆရာဝန်များ သွားရောက်၍ အလုပ်လုပ်ကိုင်ခြင်းကို ခွင့်ပြုခဲ့သည်။ လွန်ခဲ့သောလကမူ အီဂျစ်ဆရာဝန်နှစ်ဦးအား ဆော်ဒီအာရေဗျနိုင်ငံက နှစ်ရှည်ထောင်ဒဏ်နှင့်ကြိမ်ဒဏ်အသီးသီးချမှတ်ခဲ့သည်။ ထိုကိစ္စများကြောင့် အီဂျစ်ဆရာဝန်များ သွားရောက်အလုပ်လုပ်ခြင်းကို ယခင်က ပိတ်ပင်ထားသည်။

**သဘောတူညီ**

ဆော်ဒီမှ အလုပ်သမားဝန်ကြီးက ဆော်ဒီရှိဆရာဝန်များနှင့် တန်းတူအခွင့်အရေးကို အီဂျစ်ဆရာဝန်များအား ပေးမည်ဟူသော သဘောတူညီချက် ရရှိပြီးနောက်မှ အီဂျစ်အလုပ်သမားဝန်ကြီးက ယင်းနိုင်ငံသို့ ဆရာဝန်များသွားရောက် အလုပ်လုပ်ရန် သဘောတူညီခဲ့သည်ဟု အရှေ့အလယ်ပိုင်းသတင်းဌာနမှ ဒီဇင်ဘာ ၂ ရက်တွင် ဖော်ပြသည်။

**ချမှတ်**

အီဂျစ်လူမျိုး ဆရာဝန်နှစ်ဦးသည် ဆော်ဒီ၌ဥပဒေနှင့် မလွတ်ကင်းသော ဆေးဝါးများ ထုတ်လုပ်ရောင်းချခြင်း ပြုလုပ်ခဲ့သည်။ ၎င်းတို့နှစ်ဦးအနက် တစ်ဦးကလည်း လူနာများအပေါ် အပြစ်ပြုလုပ်ခဲ့သည်။ ထို့ကြောင့် ၎င်းတို့အား ကြိမ်ဒဏ်အပြင် ထောင်ဒဏ် ၁၅ နှစ်နှင့် အနှစ် ၂၀အသီးသီး ချမှတ်ခဲ့သည်။

အီဂျစ်ရှိ သတင်းဌာနများနှင့် လူ့အခွင့်အရေးအုပ်စုက ယင်းဆရာဝန်များ လွတ်မြောက်ရေးအတွက် အီဂျစ်သမ္မတ ဟော့စနီ မူဘာရက် အနေဖြင့် ကြားဝင်ပေးပါရန် တောင်းဆိုခဲ့ကြသည်။ ***အင်တာနက်။***

# မွမ်ဘိုင်း သေနတ်သမား ဒေါ်လာ ၁၉၀၀ ရရှိသည်ဟုဆို

**မွမ်ဘိုင်း ဒီဇင်ဘာ ၆**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ အကြမ်းဖက်တိုက်ခိုက်မှုတွင် အရှင်ဖမ်းမိထားသော အကြမ်းဖက်သမားက ယခုကဲ့သို့ အကြမ်းဖက် တိုက်ခိုက်ခြင်းအတွက် သူ့ကို ပါကစ္စတန်ရူပီးငွေ ၁၅၀၀၀၀ (ပေါင် ၁၃၀၀ နီးပါး သို့မဟုတ် အမေရိကန်ဒေါ်လာ ၁၉၀၀ နီးပါး)ပေးကြောင်း ထုတ်ဖော်ပြောကြားသည်ဟု ရဲတပ်ဖွဲ့သတင်းရပ်ကွက်မှ သိရသည်။

သူ့ကို ပါကစ္စတန်ရူပီးငွေ ၁ဒသမ ၅သိန်း (၁၅၀၀၀၀) ပေးကြောင်း ဖမ်းမိထားသော စစ်သွေးကြွ လက်နက်ကိုင်က အစစ်ခံကြောင်း မွမ်ဘိုင်းရဲတပ်ဖွဲ့အကြီးအကဲ ရာစီးမာရီယာက တိုင်း(စ်)သို့ ပြောကြားသည်။ မာရီယာသည် ထိုစစ်သွေးကြွ အဇန်အမိယာကာဝုတ်အား စစ်ဆေးမေးမြန်းကြသူများထဲမှ တစ်ဦးအပါအဝင်ဖြစ်သည်။

၎င်းအပြင် အကြမ်းဖက်သမားသည် အမေရိကန်ပြည်ထောင်စုနှင့် အဆက်အသွယ်ရှိ မရှိဟူသောကိစ္စကိုလည်း စုံစမ်းစစ်ဆေးလျက်ရှိသည်။ အကြမ်းဖက်သမားများထံမှ တွေ့ရှိရသော မိုဘိုင်းအက်စ်အိုင်အမ်ကတ်တစ်ခုသည် နယူးဂျာစီပြည်နယ်မှ လာခြင်းဖြစ်နိုင်ဖွယ်ရာ ရှိသည်ကို စစ်ဆေးလျက်ရှိသည်။

ကာဝုတ်သည် မွမ်ဘိုင်းမီးရထားဘူတာရုံ၊ ချပ်ထရာပါတီရှီဗာဂျီစကြံတွင် ခရီးသည် ၅၆ ဦးကို ပစ်သတ်ခဲ့သော လက်နက်ကိုင်နှစ်ဦးမှ တစ်ဦးဖြစ်သည်။ ၎င်းသည် ပါကစ္စတန်နိုင်ငံတောင်ပိုင်း ပန်ဂျပ်ဒေသမှ ဖာရစ်ကော့ခေါ် ကျေးရွာမှ မူလတန်းပညာနှင့် ကျောင်းထွက်ခဲ့ရသော ဆင်းရဲသားတစ်ဦးဖြစ်ကာ အသက် (၂၄)နှစ်သာ ရှိသေးသူ ဖြစ်သည်။ ***အင်တာနက်။***



**ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့တွင် အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြသူများအား ဒီဇင်ဘာ ၄ ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# အီရတ်၌တာဝန်ထမ်းဆောင်စဉ် ဓာတုပစ္စည်းများကို ပုံမှန်ထက်လွန်ကဲစွာ ကိုင်တွယ်ရသဖြင့် အင်ဒီယားနားတပ်ဖွဲ့ဝင်များ ကုမ္ပဏီကို တရားစွဲဆို

**အင်ဒီယန်းပိုလစ် ဒီဇင်ဘာ ၆**

ဟူစတန်တွင် အခြေစိုက်ထားသည့် ကေဘီအာကုမ္ပဏီအား အင်ဒီယားနားအမျိုးသား အစောင့်တပ်ဖွဲ့ဝင် ၁၆ ဦးက ဒီဇင်ဘာ ၃ ရက်က တရားစွဲဆိုလိုက်ကြောင်း အင်တာနက်သတင်းတွင်ဖော်ပြသည်။ အဆိုပါကုမ္ပဏီမှ ဝန်ထမ်းများသည် အီရတ်နိုင်ငံတွင် လွန်ခဲ့သော ငါးနှစ်တာကာလအတွင်း၌ အန္တရာယ်ရှိသော ဓာတုပစ္စည်းများဖြင့် အင်ဒီယားနားတပ်ဖွဲ့ဝင်များကို ရောဂါခံစားရစေရန် ထိတွေ့စေခဲ့သဖြင့် ယခုကဲ့သို့ တရားစွဲဆိုခြင်းဖြစ်သည်ဟုဆိုသည်။

အဆိုပါအမှုအား အမေရိကန်ခရိုင်တရားရုံးတစ်ခုတွင် စွဲဆိုခြင်းဖြစ်သည်။ အဆိုပါအမှုတွင် တဲလ်မြို့တွင် တာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များအား အီရတ်နိုင်ငံ၏ ရေပေးဝေစေရေးစနစ်အရ ကာကွယ်ဆေးခတ်ရာတွင် ကင်ဆာဖြစ်စေသော ကာဆီနိုဂျင်ဓာတ်ကို ကိုင်တွယ်ခဲ့သဖြင့် ယခုကဲ့သို့ တရားစွဲဆိုခြင်းဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ကေဘီအာကုမ္ပဏီသည် ၂၀၀၃ ခုနှစ် မေလဆန်းပိုင်းမှ စတင်ကာ ရေပေးဝေရေးစနစ်တွင် ကာကွယ်ဆေးစပ်ရာ၌ ဆိုဒီယမ်ဒိုင်ခရိုမိတ် (တစ်နည်းဆိုသော်ကာဆီနိုဂျင်ဓာတ်) အသုံးပြုနေသည်ကို သိရှိခဲ့သည်။ အခြေအနေကိုသိသော်လည်း အင်ဒီယာနား အစောင့်တပ်ဖွဲ့ဝင် ၁၃၉ ဦး အပါအဝင် အရပ်သားအလုပ်သမားများ အန္တရာယ်ဖြစ်စေခဲ့သည် ကိစ္စရပ်ကို ဖုံးကွယ်ထားပြီး ဆက်လက်ကိုင်တွယ်စေခဲ့သည်ဟု ဖော်ပြထားသည်။

အမှု၏ အဓိကတရားလိုဖြစ်သူ အသက်(၅၅)နှစ်အရွယ်ရှိ အင်ဒီယားနားအစောင့်တပ်ဖွဲ့ဝင်ဟောင်း ထရပ်ကားယာဉ်မောင်း မက်မန်နာဝေက ပြောကြားရာတွင် အဆိုပါ အန္တရာယ်ရှိသည့် ဓာတုပစ္စည်းများကို ထိတွေ့ခဲ့သဖြင့် နှာခေါင်းသွေးယိုခြင်းနှင့် အရေပြားတွင် အဖုအပိမ့်များ ထွက်ခြင်းတို့ကို ခံစားခဲ့ရသည်ဟုဆိုသည်။ ***အင်တာနက်။***



**တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း လျောင်နင်ပြည်နယ် မြို့တော်ရှန်ယန်တွင် ဆောင်းရာသီအအေးလွန်ကဲပြီး ဆီးနှင်းများ ထူထပ်စွာ ကျဆင်းနေသည်ကို ဒီဇင်ဘာ ၄ ရက်က တွေ့ရစဉ်။***(ဓာတ်ပုံ-အင်တာနက်)*

# ရေကြီးမှုကြောင့်ပျက်စီးသွားသော ဆိပ်ကမ်းများ ဘရာဇီးက ပြင်ဆင်ရန်ရည်ရွယ်

**ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၆**

ဘရာဇီးနိုင်ငံတွင် အားကောင်းသော မုန်တိုင်းများ တိုက်ခတ်ပြီးနောက် ရေကြီးမှုများဖြစ်ပေါ်ကာ အဓိက ဆိပ်ကမ်းများ ပျက်စီးခဲ့ရသည်။ ယင်းဆိပ်ကမ်းများကို အမြန်ဆုံးပြန်လည်ပြင်ဆင်မှုရန် အကောင်အထည်ဖော်လျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူက အင်္ဂါနေ့တွင် ပြောကြားသည်။

ရေကြီးမှုကြောင့် ဘရာဇီးနိုင်ငံတောင်ပိုင်းရှိ ဆန်တာကက်တာရီနာဒေသတွင် ၁၁၆ဦး ထက်မနည်း အသက်ဆုံးရှုံးခဲ့ရပြီး အဓိကဆိပ်ကမ်း အိုင်တာဂျိ ပျက်စီးခဲ့သည်။ လွန်ခဲ့သောလ ရေကြီးစဉ်ကစ၍ ဆိပ်ကမ်းများ ပျက်စီးရသဖြင့် နိုင်ငံတော်ဆိပ်ကမ်း အခွန်ဘဏ္ဍာငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကျော် နစ်နာဆုံးရှုံးခဲ့ရသည်။ ဆိပ်ကမ်းများ မကောင်းသောကြောင့် တစ်နေ့လျှင် အမေရိကန်ဒေါ်လာ ၃၅သန်း ဆုံးရှုံးနေရသည်ဟု ပို့ဆောင်ရေးဝန်ကြီး ပီဒရိုဘရစ်တိုက ပြောကြားသည်။ ဆိပ်ကမ်းမှ သင်္ဘောများကိုလည်း ဘရာဇီးမှ မိုင်ရာချီ၍ဝေးသော အိမ်နီးချင်းနိုင်ငံမှ ဆိပ်ကမ်းများတွင် ရပ်နားထားရသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဘရာဇီးတွင် အိုင်တာဂျိဆိပ်ကမ်းသည် အကြီးဆုံးဖြစ်ပြီး ၎င်းဆိပ်ကမ်းမှနေ၍ အမဲသားတန်ချိန်များစွာကို တင်ပို့ရောင်းချရသည်။ ထို့ကြောင့် နိုင်ငံ့ဝင်ငွေရှာပေးသည့် ဆိပ်ကမ်းကို အမြန်ဆုံး ပြန်လည်ပြင်ဆင်ရန် လိုအပ်လျက်ရှိသည်။ ယင်းသို့ပြင်ဆင်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၅၂ သန်း အကုန်အကျခံ၍ ချက်ချင်းပြင်ဆင်ရမည်ဟု ပို့ဆောင်ရေးဝန်ကြီးက ပြောကြားသည်။

မုန်တိုင်းကြောင့်လူတို့၏ ဆုံးရှုံးပျက်စီးမှုသည် အားလုံးအတူတူပင်ဖြစ်သည်။ ရေကြီးပြီး မြေပြိုမှုကြောင့် ပျောက်ဆုံးနေသော လူ ၃၁ ဦး ကိုလည်း ကယ်ဆယ်ရေးသမားများက ရှာဖွေနေဆဲပင်ဖြစ်သည်။ ယခုဘေးဒုက္ခကြောင့် သေဆုံးရမှုသည် ၁၅၀ထိ ရှိလာနိုင်သည်ဟု တာဝန်ရှိသူများက ခန့်မှန်းထားသည်။ ***အင်တာနက်။***



(7-12)05.pmd 1 12/7/2008, 2:36 AM

# ကျိုင်းတောင်းရေတံခွန် အလင်းသွန်ပြီ (၂)

ရတနာစည်ဆရာတော် (လွိုင်လင်)

## အမွေခံကောင်း

မိမိတို့လက်ထက်၌ တိုင်းပြည်အတွက် အခြေခံကျသော အခြေခံကောင်းများကို ဘက်စုံ ကဏ္ဍစုံမှ ထူထောင်ပေးခြင်းဖြင့် နောင်လာနောက်သားများအတွက် အခြေခံ အမွေခံကောင်းများ ရရှိစေပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ဆောင်ရွက်သွားနိုင်မှာဖြစ်ကြောင်း။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏
(၁/၂၀၀၈)ညှိနှိုင်းအစည်းအဝေး။ ၁၅-၁၁-၂၀၀၈

### အနာဂတ်သစ်များ

ယနေ့တပ်မတော်အစိုးရသည် တိုင်းပြည်၏ အနာဂတ်ရေးကို အစဉ်မျှော်တွေး ဆင်ခြင်သုံးသပ်၍ အနာဂတ်တောက်ပရေး အလေးပေးဆောင်ရွက်လျက်ရှိရာ တပ်မတော်အစိုးရ တာဝန်ယူစကာလ မြန်မာနိုင်ငံအခြေအနေထက် ယနေ့မြန်မာနိုင်ငံအနေအထားသည် အဘက်ဘက်၌ များစွာမြင့်မားတိုးတက်လာလျက်ရှိကြောင်း လူတိုင်းပင် သိမြင်ခံစား နေကြရပါပြီ။

ဤအရှင်တို့ သီတင်းသုံးရာ ရှမ်းပြည်နယ်(တောင်ပိုင်း)တစ်ခွင်၌ မျက်မြင်ကိုယ်တွေ့အရ ယခင်က ကျည်သံ၊ ယမ်းသံတညံညံ အခြေအနေမှ တည်ငြိမ်အေးချမ်း ငြိမ်းချမ်းပန်းတို့ ပွင့်လန်းဝေဆာလာသော အနေအထားသစ်၊ သာသနာရေး မှုန်မှေးထိုင်းမှိုင်း အခြေအနေမှ သာသနာရေးရာ လွန်စွာပြန့်ပွားထွန်းကားလာသော အနေအထားသစ်၊ ဝေးလံခေါင်သီ ကျေးရွာများဆီအရောက် လမ်းဖောက်၊ တံတားဆောက်ပေးနိုင်သဖြင့် သွားလာရောင်းဝယ် စီးပွားနယ် ပြန့်ကျယ်လာသော အနေအထားသစ်၊ ဆည်ရေ တမံရေ ဖွေးဖွေးဝေ တည်ဆောက်ပေးသဖြင့် စိုက်ရေးပျိုးတာ အရာရာကောင်းစွာ ဖြစ်ထွန်းအောင်မြင်လာသော အနေအထားသစ်၊ ပညာ၊ ကျန်းမာ၊ ဥစ္စာ၊ ကုသိုလ် ထိုထိုအရေးရေးတို့၌ ယခင်ရှေးထက် ဆတက်ကဲသာ လွန်စွာဖွံ့ဖြိုးလာသော အနေအထားသစ် စသည့် အသစ်…အသစ်များ၊ အနာဂတ်သစ်များ နိုင်ငံအနှံ့ပြန့်ပွားထွန်းကားလာနေလေ၏။

### အသစ်ထဲမှအသစ်တစ်ခု

အသစ်တကာများထဲမှ အသစ်တစ်ခုဖြစ်သည့် ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းကို အကြောင်းပြုကာ ဒေသတွင်းရှိ မြို့နယ်များ လျှပ်စစ်ဓာတ်အား ဗို့ပြည့် အားပြည့်ရရှိ၍ လူမှုဘဝ၊ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေးနှင့် ပိုလျှံသော ဓာတ်အားများကို မဟာဓာတ်အားလိုင်း ကွန်ရက်အတွင်း ပို့လွှတ်နိုင်ရေးအတွက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ တက်ညီလက်ညီ ဆောင်ရွက်လျက်ရှိရာဝယ် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် ၁၃၂ကေဗွီ ဓာတ်အားလိုင်းများအဖြစ် ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံမှ နမ့်စန်၊ ပင်းပက်၊ ကလောမြို့နယ်များသို့လည်းကောင်း၊ နမ့်စန်-လွိုင်လင်-မိုင်းကိုင်-မိုင်းရှူး-မိုင်းနောင်-ကွန်ဟိန်း- ခိုလမ်-မိုးနဲ-လင်းခေးမြို့နယ်များသို့ လည်းကောင်း ဓာတ်အားလိုင်းများ ဖောက်လုပ်သွယ်တန်းနေပုံတို့ကို ယခင်ဆောင်းပါး၌ဖော်ပြပြီးဖြစ်ရာ ယခုဆက်လက်၍ ယင်းဓာတ်အားများကို လက်ခံရယူကာ တစ်ဆင့် ပြန်လည်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဓာတ်အားခွဲရုံများ တည်ဆောက်နေပုံကို လေ့လာမှတ်တမ်းတင်ပါမည်။

### တည်ဆောက်နေသောဓာတ်အားခွဲရုံများ

၁။ နမ့်စန် ပင်မဓာတ်အားခွဲရုံ။ ၁၃၂/၆၆/၁၁ ကေဗွီ-၆၀အမ်ဗွီအေ ဓာတ်အားခွဲရုံဖြစ်၍ လွိုင်လင်ခရိုင် နမ့်စန်မြို့၌ တည်ရှိပါသည်။ ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားကိုလက်ခံရယူပြီး လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ မြို့နယ်အသီးသီးသို့ ဓာတ်အားဖြန့်ဖြူးပေးရန်နှင့် ပိုလျှံသောဓာတ်အားကို နမ့်စန်-ပင်းပက်-ကလော ၁၃၂ကေဗွီဓာတ်အားလိုင်းမှတစ်ဆင့် မဟာဓာတ်အားလိုင်းသို့ ဆက်သွယ်ပို့လွှတ်ရန် ဖြစ်ပါသည်။

၂။ ပင်းပက်ဓာတ်အားခွဲရုံ။ ၁၃၂/၆၆/၁၁ ကေဗွီ-၅၀ အမ်ဗွီအေ ဓာတ်အားခွဲရုံဖြစ်၍ တောင်ကြီးခရိုင် ဟိုပုံးမြို့၌ တည်ရှိပါသည်။ ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံမှဓာတ်အားကိုလက်ခံရယူပြီး လွိုင်လင်ခရိုင်နှင့်လင်းခေးခရိုင်အတွင်းရှိ မြို့နယ်အသီးသီးသို့ ဓာတ်အားဖြန့်ဖြူးပေးရန်နှင့် ပိုလျှံသော ဓာတ်အားကို ပင်းပက်-ကလော ၁၃၂ကေဗွီ ဓာတ်အားလိုင်းမှတစ်ဆင့် မဟာဓာတ်အားလိုင်းသို့ ဆက်သွယ်ပို့လွှတ်ရန် ဖြစ်ပါသည်။

၃။ ကလောဓာတ်အားခွဲရုံ။ ၁၃၂/၆၆/၁၁ ကေဗွီ-၈၀အမ်ဗွီအေ ဓာတ်အားခွဲရုံဖြစ်၍ တောင်ကြီးခရိုင် ကလောမြို့၌ တည်ရှိပါသည်။ ကျိုင်းတောင်း ရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားကိုလက်ခံရယူပြီး လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ မြို့နယ်အသီးသီးသို့ ဓာတ်အားများ ဖြန့်ဖြူးပေးရန်နှင့် ပိုလျှံသော ဓာတ်အားကို ပင်းပက်-ကလော ၁၃၂ကေဗွီ ဓာတ်အားလိုင်းမှတစ်ဆင့် မဟာဓာတ်အားလိုင်းသို့ ပို့လွှတ်ရန် ဖြစ်ပါသည်။

၄။ လွိုင်လင်ဓာတ်အားခွဲရုံ။ ၆၆/၁၁ ကေဗွီ-၁၅အမ်ဗွီအေ ဓာတ်အားခွဲရုံဖြစ်၍ လွိုင်လင်ခရိုင် လွိုင်လင်မြို့၌ တည်ရှိပါသည်။ နမ့်စန်ဓာတ်အားခွဲရုံမှ တစ်ဆင့်ရရှိသောဓာတ်အားကို လက်ခံရယူ၍ လွိုင်လင်မြို့နယ်၌ လိုအပ်သလို ဖြန့်ဖြူးကာ ပင်လုံမြို့ခွဲနှင့် လဲချားမြို့နယ်သို့ ၁၁ကေဗွီဓာတ်အားလိုင်းဖြင့် ပို့လွှတ်ဖြန့်ဖြူးလျက် ၆၆ကေဗွီဓာတ်အားလိုင်းဖြင့် မိုင်းကိုင်မြို့နယ်သို့ ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးမည် ဖြစ်ပါသည်။

၅။ မိုင်းကိုင်ဓာတ်အားခွဲရုံ။ ၆၆/၁၁ ကေဗွီ-၅အမ်ဗွီအေ ဓာတ်အားခွဲရုံဖြစ်၍ လွိုင်လင်ခရိုင် မိုင်းကိုင်မြို့၌ တည်ရှိပါသည်။ လွိုင်လင်ဓာတ်အားခွဲရုံမှတစ်ဆင့်ရရှိသော ဓာတ်အားကို မိုင်းကိုင်မြို့နယ်အတွင်း လိုအပ်သလိုဖြန့်ဖြူးပေးပြီး ၁၁ကေဗွီ ဓာတ်အားလိုင်းဖြင့် ပန်ကေတုနှင့် တုံလောတို့သို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမည် ဖြစ်ပါသည်။

၆။ ခိုလမ်ဓာတ်အားခွဲရုံ။ ၆၆/၁၁ ကေဗွီ-၅အမ်ဗွီအေ ဓာတ်အားခွဲရုံဖြစ်၍ လွိုင်လင်ခရိုင် ခိုလမ်မြို့၌ တည်ရှိပါသည်။ နမ့်စန်ဓာတ်အားခွဲရုံမှ ပို့လွှတ်သောဓာတ်အားကို လက်ခံရယူပြီး ခိုလမ်မြို့နယ်အတွင်း လိုအပ်သလို ဖြန့်ဖြူး၍ ၁၁ကေဗွီဓာတ်အားလိုင်းဖြင့် ဝမ်ဆင်းကျေးရွာကြီးသို့ ဓာတ်အားများ ဖြန့်ဖြူးကာ ၆၆ ကေဗွီဓာတ်အားလိုင်းဖြင့် မိုင်းနောင်မြို့နယ်သို့ လည်းကောင်း၊ ကွန်ဟိန်းမြို့နယ်သို့ လည်းကောင်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးမည်ဖြစ်ပါသည်။

၇။ ကွန်ဟိန်းဓာတ်အားခွဲရုံ။ ၆၆/၁၁ ကေဗွီ-၅အမ်ဗွီအေ ဓာတ်အားခွဲရုံဖြစ်၍ လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့၌ တည်ရှိပါသည်။ ခိုလမ်ဓာတ်အားခွဲရုံမှတစ်ဆင့်ရရှိသော ဓာတ်အားကို ကွန်ဟိန်းမြို့နယ်၌ လိုအပ်သလို ဖြန့်ဖြူး၍ ၁၁ကေဗွီဓာတ်အားလိုင်းဖြင့် ကာလိကျေးရွာကြီးသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမည်ဖြစ်ပါသည်။

၈။ မိုင်းနောင် ဓာတ်အားခွဲရုံ။ ၆၆/၃၃/၁၁ ကေဗွီ-၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံဖြစ်၍ လွိုင်လင်ခရိုင် မိုင်းနောင်မြို့၌ တည်ရှိပါသည်။ ခိုလမ်ဓာတ်အားခွဲရုံမှတစ်ဆင့်ရရှိသောဓာတ်အားကို မိုင်းနောင်မြို့နယ်အတွင်း လိုအပ်သလိုဖြန့်ဖြူး၍ ၃၃ကေဗွီ ဓာတ်အားလိုင်းဖြင့် ကျေးသီးမြို့နယ်သို့ ပို့လွှတ်ဖြန့်ဖြူးမည် ဖြစ်ပါသည်။

၉။ မိုင်းရှူးဓာတ်အားခွဲရုံ။ ၆၆/၁၁ ကေဗွီ-၂ အမ်ဗွီအေ ဓာတ်အားခွဲရုံဖြစ်၍ လွိုင်လင်ခရိုင် မိုင်းရှူးမြို့၌ တည်ရှိပါသည်။ မိုင်းနောင် ဓာတ်အားခွဲရုံမှတစ်ဆင့်ရရှိသည့်ဓာတ်အားကို မိုင်းရှူးမြို့နယ်အတွင်း လိုအပ်သလို ဖြန့်ဖြူး၍ ၁၁ကေဗွီဓာတ်အားလိုင်းဖြင့် မိုင်းရှူးရတနာမြေသို့ ဓာတ်အားပေးပို့ ဖြန့်ဖြူးမည်ဖြစ်ပါသည်။

၁၀။ မိုးနဲဓာတ်အားခွဲရုံ။ ၆၆/၁၁ ကေဗွီ-၅အမ်ဗွီအေ ဓာတ်အားခွဲရုံဖြစ်၍ လင်းခေးခရိုင် မိုးနဲမြို့၌တည်ရှိပါသည်။ နမ့်စန်ဓာတ်အားခွဲရုံမှတစ်ဆင့်ရရှိသောဓာတ်အားကို မိုးနဲမြို့နယ်အတွင်း လိုအပ်သလို ဖြန့်ဖြူး၍ ၁၁ကေဗွီဓာတ်အားလိုင်းဖြင့် မောက်မယ်မြို့သို့ ပို့လွှတ်ဖြန့်ဖြူးမည် ဖြစ်ပါသည်။

၁၁။ လင်းခေးဓာတ်အားခွဲရုံ။ ၆၆/၁၁ ကေဗွီ-၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံဖြစ်၍ လင်းခေးခရိုင် လင်းခေးမြို့၌ တည်ရှိပါသည်။ မိုးနဲဓာတ်အားခွဲရုံမှတစ်ဆင့် ရရှိသောဓာတ်အားကို လင်းခေးမြို့ မြစ်ရေတင်လုပ်ငန်းနှင့် မြို့နယ်အတွင်း လိုအပ်သလိုဖြန့်ဖြူး၍ ၃၃ကေဗွီ ဓာတ်အားလိုင်းဖြင့် မိုင်းပန်မြို့နယ်သို့ ဓာတ်အားပေးပို့ ဖြန့်ဖြူးမည်ဖြစ်ပါသည်။

ဖော်ပြပြီးသောအတိုင်း လွိုင်လင်ခရိုင်၊ လင်းခေးခရိုင်အတွင်းရှိ မြို့နယ်အသီးသီး၌ ဓာတ်အားခွဲရုံများ တည်ဆောက်ဆဲ၊ တည်ဆောက်လတ္တံ့ဖြစ်သည့်အပြင် လွိုင်လင်ဓာတ်အားခွဲရုံမှတစ်ဆင့် မိုင်းပွန်နှင့် တောင်ကြီးမြို့နယ်တို့သို့ ၃၃ကေဗွီ ဓာတ်အားလိုင်းဖြင့် ဓာတ်အားများ ဖြန့်ဖြူးလျက်ရှိပါသည်။ တောင်ကြီးမြို့မှ ကျောက်တလုံးသို့ ၃၃ကေဗွီ ဓာတ်အားလိုင်းဖြင့်လည်းကောင်း၊ တောင်ကြီးမြို့မှ ဟိုပုံးမြို့သို့ ၁၁ကေဗွီ ဓာတ်အားလိုင်းဖြင့် လည်းကောင်း ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးလျက်ရှိသကဲ့သို့ မကြာမီကာလအတွင်း နောင်မွန်မြို့နယ်၊ ဆီဆိုင်မြို့နယ်များနှင့် ပချားကလို၊ ဘန်းယဉ်၊ ဆိုက်ခေါင်၊ နောင်ထော်၊ ဟမ်းဆီး၊ စကားကျေးရွာကြီးများသို့ပါ ဓာတ်အားများ ပေးပို့ဖြန့်ဖြူးမည် ဖြစ်ပါသည်။

ဤသို့ ဤပုံ ဤနည်းအားဖြင့် ယနေ့တပ်မတော်အစိုးရသည် ဒေသခံပြည်သူများအကျိုးနှင့်ပြည်ထောင်စုကြီးတစ်ခုလုံး၏အကျိုးကို ဖြစ်ထွန်းစေသည့် ကျိုင်းတောင်း ရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော်လျက်ရှိရာ ယခုအခါ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအပိုင်းရော ဖြန့်ဖြူးရေးအပိုင်းပါ သရုပ်သကန်ထိမိစွာ ပေါ်ထွန်းလာနေပါပြီ။

### ကျိုင်းတောင်းရေတံခွန် အလင်းသွန်

သို့ဖြင့် ကျိုင်းတောင်းရေတံခွန်သည် အလှကြည့်သက်သက်သာမဟုတ်တော့ဘဲ ရေတံခွန်မှ အလင်းသွန်သောအလား လျှပ်စစ်စွမ်းအားများ ပေါ်ထွန်းလာပြီဖြစ်ရကား ဒေသသားတို့၏ လူမှုဘဝ၊ လူမှုစီးပွားဘဝ ဘဝစွမ်းအားအလင်းများလည်း ထင်ရှားတောက်ပလာနေပြီ ဖြစ်ပါသတည်း။ ။

**ယနေ့တပ်မတော်အစိုးရသည် တိုင်းပြည်၏ အနာဂတ်ရေးကို အစဉ်မျှော်တွေး ဆင်ခြင်သုံးသပ်၍ အနာဂတ်တောက်ပရေး အလေးပေးဆောင်ရွက်လျက်ရှိရာ တပ်မတော်အစိုးရ တာဝန်ယူစကာလ မြန်မာနိုင်ငံအခြေအနေထက် ယနေ့မြန်မာနိုင်ငံ အနေအထားသည် အဘက်ဘက်၌ များစွာမြင့်မား တိုးတက်လာလျက်ရှိကြောင်း လူတိုင်းပင် သိမြင်ခံစားနေကြရ။**



## စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေး ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ဟောပြောပွဲနှင့် စာကြည့်တိုက်ရေရှည်တည်တံ့ရေးကွင်းဆင်းဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၂၆ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၆)ရပ်ကွက် ရုံးစာကြည့်တိုက်၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးဒေါ်မိုးမိုးဝင်းက စာကြည့်တိုက် ရေရှည်တည်တံ့ရေးခိုင်မာပြီး စာကြည့်တိုက် ဖြစ်မြောက်သွားရန် ကြိုးပမ်းစေလိုကြောင်းဖြင့် အမှာစကားပြောကြားပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်မင်းကဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းပြီး ကျေးဇူးတင်စကားပြောကြားသည်။**(အပေါ်ပုံ)**(မြို့နယ်ပြန်/ဆက်)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၄၈) ဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၆**

ယခုတစ်ပတ်ထုတ်ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄) အမှတ်(၄၈)၌ မြန်မာ့ဆန်များအိုင်ဗရီကို့စ်သို့ တင်ပို့နိုင်ရေး ညှိနှိုင်းမှုပြုမည်၊ သန့်ရှင်းသော ကုန်အရောင်းအဝယ်များ ဖြစ်ပေါ်လာစေရန် ရန်ကုန်တိုင်း ကုန်စည်ဒိုင်အသစ်ပြန်ဖွဲ့စည်းမည်၊ ကမ္ဘာ့မြေစိန်ခေါ်မှု ဒေါ်လာ ၂၅ သန်းဆု မြန်မာရရှိနိုင်ကြောင်း ခန့်မှန်း၊ မော်လမြိုင် အမှတ်-၁ ဈေးကြီးအတွက် မီးအာမခံလျော်ပေးမည်၊ မြန်မာနိုင်ငံတွင် အဝလွန်သူနည်းသော်လည်း အများစုမှာ ငယ်စဉ်ကဝခဲ့သူများဖြစ်၊ လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး အင်န်ဂျီအို ၁၄ ခု ပူးပေါင်းဆောင်ရွက်မည်၊ မြန်မာနိုင်ငံတွင် အိပ်ချ်အိုင်ဗွီကူးစက်ခံထားရသူ နှစ်သိန်းလေးသောင်းကျော်ရှိ၊ ပျက်ပြီးရင်းပျက် ကားဈေးကွက် စသည့်ပြည်တွင်းရေးရာသတင်းများနှင့်အတူ 'နည်းပညာဖြင့် စီမံခန့်ခွဲမှု ပြုပြင်ခြင်းနှင့် အီလက်ထရွန်နစ် စီးပွားရေး' ရှုမြင်သုံးသပ်ဆောင်းပါးဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ဘားရတ်အိုဘားမားရေး၍ ကိုကို (စက်မှုတက္ကသိုလ်) ဘာသာပြန်ဆိုထားသော 'အဖေ့ဆီကအိပ်မက်များ'၊ 'အမေရိကန်ပြည်ထောင်စုဟာ တစ်ဖက်သတ်ဝါဒ အဆုံးသတ်ရေးကို အလေးထားနေတာဖြစ်တယ်' ဂျာမနီဆိုင်ရာ အမေရိကန်ကောင်စီဥက္ကဋ္ဌ ဝီလျံဒရိုဇိတ်နှင့် တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါးနှင့် အတူ ကမ္ဘာကြီးက ပင်လယ်ဓားပြခြိမ်းခြောက်မှုအန္တရာယ်ကို ဖြေရှင်းရန် ကြိုးပမ်းလာ၊ ထိုင်းဘုရင် ဖျားနာနေ၍ ပြည်သူတို့အား မိန့်ခွန်းပြောမည့်အစီအစဉ်ကို ရုပ်သိမ်း၊ ချို့ယွင်းချက်ရှိသော ရင်သွေးများမွေးဖွားခြင်းသည် ဆံပင်ပုံသွင်းဆေးနှင့် ဆက်နွယ်နေဖွယ်ရှိ၊ အိုဘားမားက နာလန်မထူနိုင်သော စီးပွားရေးကြောင့် စိုးရိမ်သောကပွားနေသော နိုင်ငံသားတို့ကို အားပေးနှစ်သိမ့်၊ အင်ဒိုနီးရှားအိမ်ဖော်ကိုနှိပ်စက်ခဲ့သော မလေးရှားအိမ်ရှင် ထောင် ၁၈ နှစ်ကျ၊ လူမျိုးစုပဋိပက္ခကိုရှောင်ရှားနိုင်ရန်အတွက်ယောက်ျားလေးမွေးတိုင်းသတ်ပစ်ခြင်းကို ပါပူဝါနယူးဂီနီရှိ ရွာနှစ်ရွာ စွန့်လွှတ်ပြီ စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေး သုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)



(7-12)06.pmd 1 12/7/2008, 2:36 AM

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် ကျောက်မဲခရိုင် နမ့်ဆန်မြို့ ဖွံ့ဖြိုးတိုးတက်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၆

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၃ ရက် နံနက် ၇ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ခြံစည်းရိုးကြက်ဆူဆီမှ ဇီဝဒီဇယ်ထုတ်စက်ရုံ၌ ခြံစည်းရိုးကြက်ဆူစေ့မှ ဇီဝဒီဇယ်ဆီထုတ်လုပ်မှုအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး နမ္မတူမြို့နယ် မန်စံမဟာဓာတ်အားစက်ရုံ Control Room အတွင်းတွင် ဓာတ်အားဝင်ရောက်နေမှုနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနေမှု၊ တာဝါတိုင်များမှ ရွှေစာရံသို့ ဓာတ်အားပို့လွှတ်ပေးနေမှု၊ ရှမ်းပြည်နယ်ရှိ မြို့များသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။** (အောက်ပုံ)

ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ဌာနပိုင် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံများမှ လားရှိုး၊ ကျောက်မဲ၊ နမ့်ခမ်း၊ ဟိုပန်၊ ချင်းရွှေဟော်နှင့် ကောင်းခါးမြို့များသို့ လည်းကောင်း၊ ခရိုင်အလိုက် ဒီဇယ်ဓာတ်အားပေး စက်ရုံများမှ လားရှိုး၊ ကျောက်မဲ၊ မူဆယ်၊ ကွမ်းလုံနှင့် လောက်ကိုင်မြို့တို့ကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် နမ္မတူ-နမ့်ဆန်ကားလမ်း မိုင်တိုင်အမှတ် ၂၁/၀ မိုင်ရှိ လေလုတံတား၏ ကြံခိုင်မှု အခြေအနေများကို တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး နမ့်ဆန်မြို့ရှိ နမ့်ဆန်ဧည့်ရိပ်သာ၌ ဌာနဆိုင်ရာများနှင့် တွေ့ဆုံရာ နမ့်ဆန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပြည်နယ်အင်ဂျင်နီယာမှူးကြီးက နမ့်ဆန်မြို့နယ်၏ လမ်းပိုင်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်မင်းအောင်လှိုင်က လမ်းများကို ရာသီမရွေး လုံခြုံချောမွေ့စွာ သွားလာနိုင်ရေး ပြုပြင်ဆောင်ရွက်သွားကြရန်နှင့် နမ့်ဆန်မြို့နယ်အနေဖြင့် ခေတ်မီ လက်ဖက်မြို့တော်ဖြစ်အောင်ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် နမ့်ဆန်မြို့၊ မြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသော ဆေးရုံတက်လူနာများအား အားပေးစကား ပြောကြားပြီး နမ့်ဆန်ဆေးရုံနှင့် အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း သန့်ရှင်းသပ်ရပ်သာယာရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့် ကျောင်းသား၊ ကျောင်းသူများ စာပေသင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် နမ့်ဆန်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နမ့်ဆန်မြို့၊ တပ်မတော်လက်ဖက်ခြောက်စက်ရုံ ဧည့်ခန်း၌ ခင်းကျင်းပြသထားသည့် လက်ဖက်အချိုခြောက်နမူနာများ၊ ကုန်ကြမ်းလက်ဖက်ရွက်စိမ်းနမူနာများ ကြည့်ရှုစစ်ဆေးကာ စက်ရုံအတွင်းလက်ဖက်စိုမှ လက်ဖက်အချိုခြောက်ဖြစ်သည်အထိ အဆင့်ဆင့်စက်များ လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် မြို့အထွက်ရှိ တောင်သူဦးစောလင်းထွန်း၏ ၁၀ ဧက လက်ဖက်စိုက်ခင်း၌ မိရိုးဖလာ လက်ဖက်စိုက်ပျိုးမှုနှင့် စနစ်တကျစိုက်ပျိုးထုတ်လုပ်မှုကို လက်ဖက်စိုက်တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးကာ အထွက်လည်းတိုးပြီး ဝင်ငွေပိုမိုရရှိနိုင်သည့် စနစ်တကျ လက်ဖက်စိုက်ပျိုးနည်းစနစ်ကို ပြောင်းလဲစိုက်ပျိုးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





## မြန်မာနိုင်ငံဗိသုကာများအသင်း စာတမ်းဖတ်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

မြန်မာနိုင်ငံ ဗိသုကာများအသင်း၏ စာတမ်းဖတ်ပွဲကို ဒီဇင်ဘာ ၁၃ ရက် စနေနေ့ မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံအင်ဂျင်နီယာများအသင်း အဆောက်အအုံ၌ ကျင်းပမည် ဖြစ်သည်။ ဖတ်ကြားမည့်သူများမှာ ဗိသုကာ ဦးညွှန့်ဝင်းလေး၏ "ခေတ်ပြိုင် ဗိသုကာလက်ရာဟန်များအကြောင်း"နှင့် ဗိသုကာ ဦးသန်းအောင်၏ "ဥရောပဟန်ပန်သဏ္ဍာန်နှင့် မြန်မာ့အိမ်များအကြောင်း"တို့ကို ဖတ်ကြားမည်ဖြစ်သည်။ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး CPD Talk ဖြစ်သဖြင့် Registered Architect များတက်ရောက်ရန်ဖြစ်ကြောင်း သိရသည်။

(ဗိသုကာအသင်း)

## နေပြည်တော် ပျဉ်းမနားမြို့နယ် ဇီးကုန်းကျေးရွာ ပညာအလင်းသစ်စာကြည့်တိုက်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၆

**နေပြည်တော်ခရိုင် နေပြည်တော်ပျဉ်းမနားမြို့နယ် ငကောင်းကံကျေးရွာအုပ်စု ဇီးကုန်းကျေးရွာ၏ ပညာအလင်းသစ် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က အမှာစကားပြောကြားကြသည်။**

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေက ပညာအလင်းသစ် စာကြည့်တိုက်အတွက် ရုပ်မြင်သံကြားဖမ်းစက်နှင့် စာအုပ်များကိုလည်းကောင်း၊ အသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများက စာအုပ်စာတမ်းများကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြပြီး ကျေးရွာပြည်သူများကိုယ်စား ဦးအောင်ဇော်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ ပညာအလင်းသစ် စာကြည့်တိုက်အတွက် လှူဒါန်းမှု စုစုပေါင်းတန်ဖိုးမှာ ငွေ ၇၆၃၃၆၈၉ ကျပ်ဖြစ်ကြောင်း သိရှိရသည်။ ဆက်လက်၍ နေပြည်တော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ခင်၊ မြို့မိမြို့ဖဦးခင်မောင်ဌေးနှင့် အလှူရှင်သော်တာဝင်းကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းဖိလစ်တို့က ဖဲကြိုးဖြတ်၍ ပညာအလင်းသစ် စာကြည့်တိုက်ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် တက်ရောက်လာကြသူများသည် ပညာအလင်းသစ် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါ ပညာအလင်းသစ် စာကြည့်တိုက် အဆောက်အအုံကို သော်တာဝင်း ကုမ္ပဏီက ဆောက်လုပ်လှူဒါန်းခဲ့ပြီး စာအုပ်စာတမ်းများကို စေတနာရှင် ပြည်သူများက လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

### ပေးအပ်လှူဒါန်း

**ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပညာအလင်းသစ် စာကြည့်တိုက်အတွက် ရုပ်မြင်သံကြား ဖမ်းစက် ပေးအပ်လှူဒါန်းစဉ်။**

(သတင်းစဉ်)






**ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော နတ်ပုတီး-ကံငယ်-မြောက်ကုန်းကြီးလမ်း ကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂၈ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် စစ်ဆေးရာ အမှုဆောင် အရာရှိ ဦးဝင်းမော်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဝင်းနိုင်ထွန်းတို့ လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၇-၁၂-၂၀၀၈ (တနင်္ဂနွေနေ့)**

### နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

### နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **-ဂျူမုံမင်းသားလေး (အပိုင်း-၄)**
၁၂း၀၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ချစ်ခြင်း၏အဆုံးစွန်ဝယ်**
၁း၃၀ ၆။ ကျန်းမာသုတ
၁း၄၅ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မောင်နဲ့သာဆိုရင် (အပိုင်း-၂)**
၂း၄၅ ၈။ အပိတ်နှုတ်ဆက်စကား
၂း၅၀ ၉။ ပြီးပါပြီ။

### ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
၄း၂၀ ၅။ စည်းကမ်းလိုက်နာ ဘေးကင်းကွာ
၄း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀ ၈။ သံစဉ်များနဲ့ကမ္ဘာ
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၃၅ ၁၂။ ကမ္ဘာ့အံ့ဖွယ်မျက်လှည့် ပညာရှင်များ
၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မင်းသမီးရဲ့နေ့စဉ်မှတ်တမ်း (အပိုင်း-၁၇)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ကျန်းမာသုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငါးကလေး (အပိုင်း-၁၃)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။



(7-12)07.pmd 1 12/7/2008, 2:36 AM

## ❀ ကျောဖုံးမှ

ထို့နောက် ဆည်မြောင်းဦးစီးဌာန ရှင်းလင်းဆောင်၌ ဦးစီးအရာရှိ ဦးအောင်ကြည်က "ရန်ကုန်မြို့တော် မိုင် ၃၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ရေရရှိရန် ပဏာမလေ့လာမှုများပြုလုပ်ခဲ့ရာ ပဲခူးမြစ်အရှေ့ခြမ်းနှင့် အနောက်ခြမ်းဟူ၍ နှစ်ပိုင်းခွဲစဉ်းစားခဲ့ကြောင်း၊ ပဲခူးမြစ်အနောက်ဘက်ခြမ်းတွင် ရေအရင်းအမြစ်များရှိပြီး ဆည်တမံများ တည်ဆောက်ခဲ့ပြီးဖြစ်သဖြင့် စိုက်ပျိုးရေ ပေးဝေနိုင်ခဲ့ကြောင်း၊ ပဲခူးမြစ်အရှေ့ခြမ်းတွင် ဆည်တမံတည်ဆောက်ရန် ရေအရင်းအမြစ်များ နည်းပါးပြီး ပထဝီအနေအထားအရ မြေနိမ့်လွင်ပြင် ဧရိယာများဖြစ်၍ ပျမ်းမျှမြေပြင်အမြင့်မှာ ပင်လယ်ရေမျက်နှာပြင်အထက် ၁၃ ပေခန့်သာရှိသဖြင့် ဆည်တမံများ မတည်ဆောက်နိုင်ကြောင်း၊ ထို့ကြောင့် ပဲခူး-စစ်တောင်း တူးမြောင်းအတွင်းသို့ လိုအပ်နှစ်စဉ် စီးဝင်ရေ ဧကပေ ၃၂၀၀၀ ခန့်ကို မိုးယွန်းကြီးအင်းသို့ ဖြည့်ပေးပြီး ထိုမှတစ်ဆင့် ပဲခူး-စစ်တောင်း တူးမြောင်းအတွင်းသို့ ဖြည့်ပေးမည်ဖြစ်ကြောင်း၊ တည်ဆောက်ဆဲနှင့် တည်ဆောက်မည့် ရေလှောင်တမံ သုံးခုဖြစ်သည့် ဇာမရီ(ကိုဒူကွဲ)၊ စလူ၊ ရွှေလောင်းတို့မှ သိုလှောင်ရေများအား ဇောင်းတူ ရေလွှဲဆည်သို့ ပို့လွှတ်ပြီး ဇောင်းတူရေလွှဲဆည်မှ နှစ်စဉ်ပိုလျှံရေ ဧကပေ ၁၅၀၀၀ နှင့်ပေါင်း၍ ဇောင်းတူရေလွှဲဆည်မှတစ်ဆင့် ရန်ကုန်-မန္တလေးကားလမ်းအား မယင်းကျေးရွာအနီးမှဖြတ်ကာ တူးမြောင်းဖောက်ပြီး သနပ်ပင်မြို့အနီး စွန်ပိချောင်းမှတစ်ဆင့် ရေဖြည့်ပေးမည်ဖြစ်ကြောင်း" ရှင်းပြသည်။

ပဲခူး-စစ်တောင်း တူးမြောင်းအတွင်းသို့ စီးဝင်လာသောရေများကို ရေပေးဝေမှုနှင့် ပတ်သက်၍ ဦးစီးမှူး ဦးမြင့်ဝေက "စီးဝင်လာသော



မိုးယွန်းကြီးရေထိန်းတံခါး။

ရေများကို ဖြည့်ပေးပြီး ဖြန့်ဝေပေးရန် ကြံဆခဲ့ကြောင်း၊ ရေပေးဝေနိုင်မည့် စိုက်ဧကများမှာ ပဲခူးတိုင်းအတွက် စိုက်ဧက တစ်သောင်းနှင့် ရန်ကုန်တိုင်းအတွက် စိုက်ဧက ၅၅၀၀၀ ရေပေးဝေနိုင်မည်ဖြစ်ကြောင်း" ရှင်းလင်းပြောပြသည်။

ပဲခူး-စစ်တောင်း တူးမြောင်းအတွင်းသို့ ရေဖြည့်ပေးမည့် နည်းလမ်းများကို ဆက်လက်မေးမြန်းကြည့်ရာ ဦးစီးအရာရှိ ဦးအောင်ကြည်ကပင် "တည်ဆောက်ပြီး ရေလှောင်တမံများဖြစ်သည့် ကောလိယ၊ ဘိုင်းဒါး၊ ဘောနီ ရေလှောင်တမံတို့မှ ပိုလျှံရေများကို နဂါးပေါက် ရေထိန်းတံခါးနှင့် ပဂိုင်တာ ရေသွင်းတံခါးတို့မှ ဖြည့်သွင်းပေးမည် ဖြစ်ကြောင်း၊ ထပ်မံ၍လည်း ဝါးကတုတ်ရေလှောင်တမံကို တည်ဆောက်လျက်ရှိပြီး ထိုတမံမှ ရေများကို သနပ်ပင်မြို့အနီး ပဲခူး-စစ်တောင်းတူးမြောင်းပေါ်ရှိ ပုဂံ-ညောင်ပင် ရေလွှဲပေါက်မှ ခရမ်းချောင်းအထိ တူးမြောင်း တူးဖော်၍ ခရမ်းချောင်းထဲ ရေချပေးပြီးရေပေးဝေမှာ ဖြစ်ကြောင်း၊ ခရမ်းချောင်းမှ ရေကို ပုဂံတောင်ရေတံခါး၊ လှဘီလူးရေသွင်းတံခါး၊ ကျုံတုရေသွင်းတံခါးတို့မှတစ်ဆင့် ဘောချောင်းသို့ ရေသွင်းပြီး ထိုမှတစ်ဆင့် သုံးခွမြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် သန်လျင်မြို့နယ်တို့သို့ ရေပေးဝေမှာဖြစ်ကြောင်း၊ ရေငန်မဝင်ရန်အတွက်လည်း တာဝရေထိန်းတံခါး၊ ပိုင်ကျုံရေထိန်းတံခါး၊ ရွှေလှေရေထိန်းတံခါး၊ ခရမ်းရေထိန်းတံခါးများတည်ဆောက်ပြီး ရေချိုများ စုဆောင်းကာ ရေပေးဝေမည်ဖြစ်ကြောင်း" ပြောပြသည်။



ပဲခူးတိုင်း ကဝမြို့နယ် သတ္တလကျေးရွာ ဆည်မြောင်း ဦးစီးဌာန ရှင်းလင်းဆောင်၌ ဦးစီးအရာရှိ ဦးအောင်ကြည် ရှင်းလင်းပြောကြားစဉ်။

ပဲခူး-စစ်တောင်း တူးမြောင်းမှ ရေကို ပုဂံ-ညောင်ပင် ရေလွှဲပေါက်မှတစ်ဆင့် ရေသွယ်ယူရာတွင် တူးမြောင်းတစ်လျှောက် ရေအားအဆောက်အအုံ ၂၂ ခု၊ ရေထိန်း ရေမြှင့် အဆောက်အအုံ ၁၃ ခု၊ ရေကျအဆောက်အအုံ တစ်ခု၊ ကားလမ်းဖြတ်တံတား တစ်ခု၊ တူးမြောင်းဖြတ်တံတား ခုနစ်ခု (အဆိုပါ တူးမြောင်းဖြတ်တံတားမှာ တူးမြောင်း ဝဲ/ယာရှိ ရွာများမှ ရွာသူရွာသားများ သွားလာရေး လွယ်ကူအဆင်ပြေစေရန်အတွက် တည်ဆောက်ပေးခြင်းဖြစ်သည်) တည်ဆောက်ခဲ့ရသည်။

အဆိုပါ တူးမြောင်း အမျိုးအစားမှာ မြေသား တူးမြောင်းဖြစ်ပြီး တူးမြောင်း အောက်ခြေအကျယ် ပေ ၅၀၊ တူးမြောင်းအနက် ခုနစ်ပေမှ ၁၄ ပေအထိရှိပြီး ရရှိနိုင်မည့် ရေပမာဏမှာ ၁၅၀၀ ကုဗပေ/စက္ကန့်ဖြစ်သည်။ တူးမြောင်းမှာ ၂၈ ဒသမ ၄၁ မိုင်ရှည်လျားပြီး အကျိုးပြုဧရိယာ ဧက ၆၅၀၀၀ ဖြစ်သည်။ စီမံကိန်းကို ၂၀၀၃-၂၀၀၄ ခုနှစ်မှ စတင်ခဲ့ပြီး ၂၀၀၉-၂၀၁၀ ပြည့်နှစ်တွင် ပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းတစ်ခုလုံး၏ ခန့်မှန်းကုန်ကျငွေမှာ သန်း ၁၇၀၀ ခန့်ဖြစ်သည်ဟု သိရှိရသည်။

ဤကဲ့သို့ ပဲခူး-စစ်တောင်း တူးမြောင်းမှ ရေကို တူးမြောင်းဖောက်၍ ရေပေးဝေခြင်းဖြင့် မိုးရာသီတွင် ပဲခူး-စစ်တောင်း တူးမြောင်းမှ ရေများကို ထုတ်နုတ်ပေးနိုင်ခြင်း၊ လယ်ယာမြေများ ရေကြီး နစ်မြုပ်မှုမှ ကာကွယ်နိုင်ခြင်း၊ နွေရာသီတွင် သီးထပ်များ ပိုမိုစိုက်ပျိုးနိုင်ခြင်း၊ ရန်ကုန်မြို့တော် မိုင် ၃၀ ဝန်းကျင် (အရှေ့ခြမ်း)၌ မိုးရာသီတွင် မိုးစပါးများ စိုက်ပျိုးနိုင်သကဲ့သို့ နွေရာသီတွင် ခြောက်သွေ့မှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

ယခုကဲ့သို့ ရန်ကုန်မြို့တော်ကြီး ရာသီမရွေး အမြဲစိမ်းလန်းနေစေရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တည်ဆောက်ရေး(၆)မှ ဝန်ထမ်းများ၏ ကြိုးပမ်းမှုများကြောင့် ရန်ကုန်မြို့တော် မိုင် ၃၀ ပတ်ဝန်းကျင်သည် ထာဝရ စိမ်းလန်းစိုပြည်မှုများ ရရှိလာမည်ဖြစ်ကြောင်း ရေးသား ဖော်ပြအပ်ပါသည်။ ။



တူးမြောင်းဝဲ/ယာရှိ ရွာများမှ ရွာသူရွာသားများ သွားလာရေးလွယ်ကူအောင် တူးမြောင်းဖြတ်တံတားများ ဤသို့ တည်ဆောက်ပေးထားသည်။



လူကူးတံတားတည်ဆောက်ရန်အတွက် စက်ယန္တရားဖြင့် မြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိစဉ်။

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၇-၁၂-၂၀၀၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၅ ၆။ အဆိုပြိုင်ပွဲ
၈း၁၀ ၇။ **"ချစ်သောမြေချစ်သောရေ" (ရာဇာနေဝင်း၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)**
၈း၁၅ ၈။ အကပြိုင်ပွဲ
၈း၃၀ ၉။ International News.
၈း၄၀ ၁၀။ ရုပ်မြင်ရသတေးစုကဏ္ဍ
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၅ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၁၂း၀၀ ၅။ Golf Magazine(TV)
၁၂း၂၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အားကိုးချစ်သူ ကျေးတောသူ" (အပိုင်း-၃)**
၁း၀၅ ၇။ **မြန်မာရုပ်ရှင် "ချစ်သူငယ်ချင်း" (ကျော်ဟိန်း၊ ခင်သီတာထွန်း၊ နွဲ့နွဲ့မူ)(ဒါရိုက်တာ-ကိုငြိမ်းငြိမ်း)**
၂း၄၅ ၈။ International News.
၃း၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၄း၂၀ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၂၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ်(ရသစာပေ အရေးအသားအထူးပြု) (ရသစာပေအရေးအသား)
၄း၄၀ ၅။ မူဟန်သွယ်သွယ်ဆိုကြမယ်
၅း၀၅ ၆။ "ဆီးချိုသွေးချိုကာကွယ်ပါ" (ထွန်းထွန်းဝင်း၊ မိုးဒီ၊ ဖြိုးငွေစိုး၊ မျိုးစန္ဒီကျော်၊ ကောင်းခန့်၊ ရတနာမိုင်၊ ဝင့်နန္ဒာဖြိုး) (ဒါရိုက်တာ-တင်အောင်ရွှေ သုတေသီ)
၅း၂၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
၆း၀၀ ၈။ ညနေခင်းသတင်း
၆း၁၀ ၉။ မိုးလေဝသအခြေအနေ
၆း၁၅ ၁၀။ "Pocket Dragon Adventure"
၆း၅၀ ၁၁။ **တစ်မျက်နှာတစ်ကွက်စာ "ငါ့ဟာနော် ငါ့ဟာ" (သတ္တိ၊ စံမတူ၊ ဆိုနီ၊ မိုးဟေမာန်ခင်) (ဒါရိုက်တာ-ကြည်သာ၊ ပွဲကြိုက်ခင်)**
၇း၁၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သံယောဇဉ်နှောင်ကြိုး" (အပိုင်း-၂၀)(ဇာတ်သိမ်းပိုင်း)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်စစ်ရှာဖွေခြင်း" (အပိုင်း-၁၄)**
၁၇။ အစီအစဉ်ပြီး၏။

**မျက်စိလည် လမ်းမှားကာ သောင်တင်သွားသည့် ဝေလငါးကြီးတစ်ကောင်ကို တွေ့ရစဉ်။**



## ✳ ပင်လယ်သမုဒ္ဒရာမှ

ကမ္ဘာ့ ပင်လယ်သမုဒ္ဒရာများတွင် သင်္ဘောများ ခုတ်မောင်းသွားလာမှု များပြားလာခြင်း၊ စစ်သင်္ဘောများက ရေအောက်ရှိ အရာဝတ္ထုများ တည်ရှိမှုကို စူးစမ်းထောက်လှမ်းနိုင်ရန် ဆိုနာ (sonar) ကိရိယာ အသုံးပြုခြင်း၊ မြေငလျင်ဆိုင်ရာ ဆိုက်စမစ်တိုင်းတာခြင်းစသည့် အကြောင်းတရားများကြောင့် ပင်လယ်ရေအောက်တွင် အသံဗလံ ဆူညံမှု တိုးတက်ဖြစ်ပေါ်ကာ ရေသတ္တဝါများကို ထိခိုက်စေကြောင်း ဗြိတိန်နိုင်ငံ အခြေစိုက် ဝေလငါးနှင့် လင်းပိုင်ငါး ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း ညွှန်ကြားရေးမှူး မာ့ခ်ဆိုင်မွန်က ပြောကြားသည်။

လင်းပိုင်များသည် တေးဆိုတတ်သည်ဟု ဆိုရိုးရှိကြောင်း၊ သို့ရာတွင် လူ့ပယောဂကြောင့် ဖြစ်ပေါ်သော ပင်လယ်ရေအောက် ဆူညံသံများကြောင့် ယင်းငါးများနှင့် ဝေလငါးများ၏ နေထိုင်မှု ဘဝကိုထိခိုက်စေကြောင်း ၎င်းက ပြောကြားသည်။

လင်းပိုင်၊ ဝေလငါးနှင့် အခြားသော နို့တိုက်သတ္တဝါများသည် တစ်ကောင်နှင့်တစ်ကောင် တေးဆိုကာ ဆက်သွယ်လေ့ရှိကြောင်း၊ ယင်းငါးများသည် တစ်ကောင်နှင့် တစ်ကောင် ဆက်သွယ်နိုင်ခြင်း မရှိပါက ကူးခတ်သွားလာစဉ် လမ်းမှားရောက်ရှိကာ သောင်တင်သည့်ဖြစ်ရပ်များကို တွေ့ရကြောင်း ဆိုင်မွန်က ပြောကြားသည်။

ပင်လယ် သမုဒ္ဒရာ အတွင်း ဆူညံသံ နည်းပါးရေးအတွက် အစိုးရအဖွဲ့များက အရေးယူဆောင်ရွက်သင့်ကြောင်း ကုလသမဂ္ဂ သဘာဝပတ်ဝန်းကျင် အစီအစဉ် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**အင်တာနက်**



7-12)09.pmd 1 12/7/2008, 2:36 AM

# ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ္ဍာငွေထောက်ပံ့ရေးဆိုင်ရာ ဒုတိယအကြိမ် ညီလာခံသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၆**

ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ္ဍာငွေ ထောက်ပံ့ရေးဆိုင်ရာ ဒုတိယအကြိမ် ညီလာခံကို ကာတာနိုင်ငံ ဒိုဟာမြို့၌ နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါညီလာခံသို့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၊ ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ အဆင့်မြင့်အရာထမ်းများ၊ ကုလသမဂ္ဂအဖွဲ့ဝင် ၁၆၅ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များနှင့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ္ဍာငွေထောက်ပံ့ရေးဆိုင်ရာ ဒုတိယအကြိမ်ညီလာခံကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် Sheraton Doha Resort and Convention Hotel, Al Dafina Hall ၌ စတင်ကျင်းပရာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Mr. Ban Ki-moon က ညီလာခံကို ဖွင့်လှစ်ပေးသည်။ ထို့နောက် ညီလာခံဥက္ကဋ္ဌ၊ ကာတာနိုင်ငံ ဝန်ကြီးချုပ် H.H Sheikh Hamad Bin Khalifa Al-Thani က မိန့်ခွန်းပြောကြားရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် လက်ရှိဖြစ်ပေါ်နေသည့် ငွေရေးကြေးရေးအကျပ်အတည်း၏ ဆိုးကျိုးများ ကြုံတွေ့နေရမှုကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များ၊ ဖွံ့ဖြိုးပြီးနိုင်ငံများ အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ကျန်ရှိသည့် ကတိကဝတ်များဆိုင်ရာ လုပ်ငန်းစဉ်များကို ပြောကြားသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ အသီးသီးဆွေးနွေးတင်ပြကြသည်။ ထို့နောက် နိုင်ငံအကြီးအကဲများ၊ နိုင်ငံအလိုက် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက ၂၀၀၂ ခုနှစ် မက္ကဆီကိုနိုင်ငံ မွန်ထရေမြို့၌ ကျင်းပခဲ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ္ဍာငွေ ထောက်ပံ့ရေးဆိုင်ရာ သဘောတူညီချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများဆိုင်ရာ နိုင်ငံအလိုက် ဆောင်ရွက်ချက်များကို တင်ပြကြသည်။

နိုဝင်ဘာ ၃၀ ရက် မွန်းလွဲပိုင်းတွင် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက မြန်မာနိုင်ငံတွင် တည်ငြိမ်အေးချမ်းစွာဖြင့် စီးပွားရေးဖွံ့ဖြိုးမှု အရှိန်အဟုန်ကောင်းများ ရရှိလျက်ရှိသည့် အခြေအနေ၊ နိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးပါသော ပြည်တွင်းစုဆောင်းငွေများကို စုစည်းကာ စုဆောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှု သိသာစွာ တိုးတက်လျက်ရှိသည့်အခြေအနေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်လျက်ရှိသည့် အခြေအနေ၊ ကမ္ဘာ့စီးပွားရေး တုံ့ဆိုင်းမှု ဖြစ်စဉ်ကာလတွင် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိသည့်အခြေအနေများကို ပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံအလိုက် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များက မွန်ထရေသဘောတူညီချက်ဆိုင်ရာ ဆောင်ရွက်ချက်များတင်ပြကြပြီး ဒီဇင်ဘာ ၂ရက် ညနေပိုင်းတွင် Credential Committee ဥက္ကဋ္ဌ၊ Botswana နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ် Mr. Charles Nlwaagae ၏ Credentials Committee အစီရင်ခံစာတင်ပြချက်ကို ညီလာခံတက်ရောက်သူများက အတည်ပြုခဲ့ကြသည်။ ယင်းနောက် ဒိုဟာထုတ်ပြန်ချက် (Doha Statement) ထုတ်ပြန်ကာ ညီလာခံဥက္ကဋ္ဌက ညီလာခံ၏ အကြမ်းဖျင်းသဘောတူညီချက် (Draft Outcome of the Conference) ကို တင်ပြခဲ့သည်။

ထို့နောက် ညီလာခံ၏အကြမ်းဖျင်းသဘောတူညီချက် (Draft Outcome) ကို ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ္ဍာငွေထောက်ပံ့ရေးဆိုင်ရာ ဒိုဟာထုတ်ပြန်ကြေညာချက် (Doha Declaration on Financing for Development) ဟု ခေါ်ဆိုရန် G-22 နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကို ကိုယ်စားပြုသည့် Antigua and Barbuda ကိုယ်စားလှယ်က တင်ပြခဲ့ရာ ညီလာခံတက်ရောက်သူများက သဘောတူညီခဲ့ကြပြီး Doha Declaration ကို အတည်ပြုခဲ့ကြသည်။ ထို့နောက် ညီလာခံဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားပြီး ညီလာခံကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၅ရက် နံနက်ပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်တို့က နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပသည့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဘဏ္ဍာငွေ ထောက်ပံ့ရေးဆိုင်ရာ ဒုတိယအကြိမ်ညီလာခံတွင် မိန့်ခွန်းပြောကြားစဉ်။ (ဘဏ္ဍာ/ အခွန်)

# မူးယစ်ဆေးဝါး အသိပညာပေးဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အထက(၁) မြဝတီခန်းမ၌ ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီက မူးယစ်ဆေးဝါးပပျောက်ရေးနှင့် အိမ်သုံးဆေးဝါး၊ အမျိုးသား ဆေးဝါး ဆိုးကျိုးအန္တရာယ် အသိပညာပေး ဟောပြောပွဲကျင်းပရာ မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် အရေးယူမှုများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်သန်းကလည်းကောင်း၊ **(အောက်ပုံ)** ရန်ကုန်အရှေ့ပိုင်းခရိုင် အထူးမူးယစ်အဖွဲ့မှ ရဲအုပ်မြင့်သိန်းက ယနေ့လူငယ်နှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါး အန္တရာယ်ကို လည်းကောင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းတင်ကလူငယ်များနှင့်မူးယစ်ဆေးဝါးကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်မြိုင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ပြစ်မှုဆိုင်ရာ ဥပဒေများကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။ယင်းဟောပြောပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်စန်းစန်းရီနှင့် ရပ်ကွက်ဥက္ကဋ္ဌများ၊ လူမှုရေးအသင်းအဖွဲ့နှင့် ကျောင်းသား၊ ကျောင်းသူ ၃၀၀ တက် ရောက်ကြသည်။ (၅၃)





# အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**

အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်)၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်းဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၅ရက်က အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)စားရိပ်သာ၌ ကျင်းပရာ ၂၀၀၈ ခုနှစ် အဌမအကြိမ်မြောက် လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသမီး တံခွန်စိုက်ဒိုင်းဆု ရရှိခဲ့သည့် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) အမျိုးသမီးပြေးခုန်ပစ်(က) အသင်းက တံခွန်စိုက်ဒိုင်းဆုကြီးကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံ အပ်နှံသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က အဌမအကြိမ်မြောက် လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲတွင်ဆုရရှိခဲ့သည့်အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) အမျိုးသား(က)အသင်းနှင့် အမျိုးသမီး(က) အသင်းတို့အား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

# ဗဟန်းမြို့နယ် ယုဇနတာဝါ၌ ဖြစ်ပွားခဲ့သော လုယက်မှု ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးမှ ဖော်ထုတ်ဖမ်းဆီး

**ရန်ကုန် ဒီဇင်ဘာ ၆**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရပ်ကွက် အနောက်ရွှေဂုံတိုင်လမ်း ယုဇနတာဝါ ၁၃-လွှာ အခန်းအမှတ် (၁၃၀၄)မှ ငွေကျပ်သိန်း ၃၆၀၊ ဗီဒီယိုကင်မရာ၊ လက်ကိုင်ဖုန်း နှစ်လုံးတို့အား လုယက်သွားသူ သန်းထွန်းနှင့် သန်းထိုက်အောင်တို့အား သက်သေခံပစ္စည်းများနှင့်အတူ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး၊ ဒုစရိုက် နှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၃ရက်တွင် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ အောက်တိုဘာ ၂၇ ရက် ညနေ ၅နာရီခန့်တွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရပ်ကွက် အနောက်ရွှေဂုံတိုင်လမ်း၊ ယုဇနတာဝါ၊ ၁၃-လွှာ၊ အခန်းအမှတ် (၁၃၀၃)ရှိ Myanmar Wood Mart Co., Ltd.မှ မန်နေဂျာ မဝင်းဝင်းရွှေနှင့် မအိဝေလှိုင်တို့သည် ကုမ္ပဏီရုံးခန်း၌ ရှိနေစဉ် အမျိုးသားနှစ်ဦးသည် သော့မခတ်ဘဲထားသည့် အခန်းတံခါးကို ဆွဲဖွင့်၍ အတွင်းသို့ဝင်လာပြီး မဝင်းဝင်းရွှေနှင့် မအိဝေလှိုင်တို့နှစ်ဦးအား ပါးစပ်ကို တိပ်အပြားနှင့်ပိတ်ကာ လက်နှစ်ဖက်ကို ကြိုးနှင့် ချည်နှောင်ခဲ့ကြောင်း၊ ထို့နောက် မဝင်းဝင်းရွှေကို လက်သီးဖြင့် ထိုးကြိတ်၍မီးခံသေတ္တာသော့ တောင်းယူဖွင့်ခိုင်းကာ မီးခံသေတ္တာအတွင်းမှ ငွေကျပ်သိန်း ၃၆၀၊ ပင်နယ်ဆိုးနစ် ဗီဒီယိုကင်မရာတစ်လုံး၊ လက်ကိုင်ဖုန်း နှစ်လုံးတို့အား ယူဆောင်၍ အခန်းတံခါးသော့ပိတ်ကာ ထွက်သွားသဖြင့် အရေးယူပေးရန် ဗဟန်းရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရှိရသည်။

အမှုမှ ပြစ်မှုကျူးလွန်သူနှင့် သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းနိုင်ရေးအတွက် ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး၊ ဒုစရိုက်နှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူ လှိုင်မြို့နယ်၊ ၁၅ရပ်ကွက်၊ အမှတ်(၈)၊ သစ်စက်ဝင်း၊ ဝန်ထမ်းလိုင်းခန်းနေ သန်းထွန်း(၄၅)နှစ်၊ (ဘ)ဦးမောင်ကိုအား ဒီဇင်ဘာ ၃ ရက် နံနက်၈နာရီခွဲတွင်သစ်စက်ဝင်းလိုင်းခန်းမှဖမ်းဆီးရမိခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်သူ သန်းထွန်းအား စစ်မေးရာ ၎င်းသည် သန်းထိုက်အောင် (၂၉)နှစ်၊ (ဘ) ဦးကျော်ညွှန့် အမှတ် ၁၃၄၊ မင်းရဲကျော်စွာ၊ ၄လမ်း၊ ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေသူနှင့်အတူ ပြစ်မှုကျူးလွန်ခဲ့ကြောင်း ဝန်ခံထွက်ဆိုသဖြင့် သန်းထိုက်အောင်အား ယင်းနေ့ နံနက် ၁၁နာရီတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့ ကင်ပွန်းစခန်းရှိ ကျိုက်ထီးရိုးဘိုးဘိုးကြီးနတ်နန်းအနီးမှ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူ သန်းထိုက်အောင်ထံမှ ငွေကျပ် ၁၀သိန်း၊ ပြစ်မှုကျူးလွန်၍ရရှိသည့် ငွေများဖြင့် ဝယ်ယူထားသည့် ၈၈/၂၂၃၀ မီနီလိုက်ထရက်(ကြက်သွေးရောင်)ကားတစ်စီး (တန်ဖိုးငွေ ကျပ် ၁၀၀၇၅၀၀၀) အားလည်းကောင်း၊သန်းထွန်းထံမှ ငွေကျပ် ၁၃ သိန်း၊ ရွှေဆွဲကြိုးငါးကုံး၊ လက်ကောက်သုံးကွင်း၊ လက်စွပ်လေးကွင်း (တန်ဖိုးငွေကျပ် ၄၂၂၀၀၀၀)၊ ဗီဒီယိုကင်မရာနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့ကိုလည်းကောင်း ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။

ပြစ်မှုကျူးလွန်သူ သန်းထွန်းနှင့် သိန်းထိုက်အောင်တို့အား ဗဟန်းရဲစခန်းမှ ဆက်လက်စစ်ဆေးလျက် ရှိကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** (သတင်းစဉ်)







# ကျောင်းဝတ်စုံနှင့် ငွေပဒေသာပင်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၆**

တောင်ငူမြို့ ဇေယျာသီရိမိဘမဲ့ အမျိုးသမီးများပရဟိတဂေဟာရှိ မိဘမဲ့ကလေးများအတွက် အထောက်အပံ့အဖြစ် ငွေကျပ်၁၀သိန်းကျော်တန်ဖိုးရှိ ကျောင်းဝတ်စုံ ၈၀၊ စောင်အထည် ၆၀၊ ဗလာစာအုပ် ဒါဇင် ၇၀၊ ဖိနပ်အရံ ၉၀နှင့် ငွေပဒေသာပင်အတွက် ငွေကျပ် တစ်သိန်းကို တောင်ငူမြို့၊ နဂါးရုံဘုရားလမ်းနေ မြင့်မြတ်စတိုးမိသားစုမှနိုဝင်ဘာ၂၇ရက်က အဆိုပါဂေဟာ၌ ပေးအပ်လှူဒါန်းရာ ဂေဟာအကျိုးဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးရဲမြင့် (ပွဲရုံလုပ်ငန်း)က လက်ခံရယူပြီး အလှူရှင်မိသားစုသို့ ကျေးဇူးတင်ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

အဆိုပါ ပရဟိတဂေဟာ၌ လက်ရှိ မူလတန်းမှအထက်တန်းအထိကျောင်း အသီးသီးတို့တွင် တက်ရောက်ပညာဆည်းပူးနေကြသည့် ကျောင်းသူ၆၃ဦး ရှိကြောင်း သိရသည်။ (၁၂၉)

# (၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၆**

နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၉၇၉)ခုနှစ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၀)ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲနှင့် တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၇ ရက် (စနေနေ့) ညနေ ၆ နာရီတွင် ရန်ကုန်မြို့ မြရိပ်ညိုရွှင်ရယ်ဟိုတယ်(မြက်ခင်းပြင်)၌မြို့ပြအင်ဂျင်နီယာကျောင်းသားဟောင်းများပူဇော်ပွဲနှင့်အတူ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး၊ဆရာမကြီးများ၊ ကျောင်းသား၊ကျောင်းသူဟောင်းများ တက်ရောက်ရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဦးဝင်းမောင် ဖုန်း- ၀၉ ၅၀၀၇၁၅၂၊ ဒေါ်စန်းစန်း ဖုန်း- ၆၄၂၆၂၆၊ ဒေါ်ပြုံးပြုံးဦး ဖုန်း- ၅၇၈၅၃၄၊ ဒေါ်ဆွေဆွေမြင့် ဖုန်း-၃၈၉၇၈၀၊ဒေါ်စန်းစန်းဝေ ဖုန်း-၆၄၅၇၆၂နှင့် ဒေါ်ညွန့် ညွန့်ဆွေ ဖုန်း- ၄၄၁၁၄၉၉ တို့ထံ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)



(7-12)10.pmd 1 12/7/2008, 2:36 AM

## ရွှေတိဂုံစေတီတော်မြတ်ကြီး ပြန်လည်မွမ်းမံပြင်ဆင်ရေးအတွက် အလှူငွေများ ပါဝင်လှူဒါန်းနိုင်

ဗုဒ္ဓမြတ်စွာသာသနာတော်၏ မဏ္ဍိုင်ဦးသျှောင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ကျက်သရေဆောင်ဖြစ်တော်မူသည်သာမက ကမ္ဘာ့အံ့ချီးဖွယ်တစ်ပါးဖြစ်သော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ၂၀၀၈ခုနှစ် မေလတွင် တိုက်ခတ်ခဲ့သည့် နာဂစ်လေပြင်းမုန်တိုင်းဒဏ်ကြောင့် ရွှေစင်၊ ရွှေပြားများ စုတ်ကွာလွင့်စဉ်ပျက်စီးခဲ့ရသောကြောင့် ရွှေသင်္ကန်းတော်များ ပြန်လည်ကပ်လှူခြင်းနှင့်အတူ ရွှေထီးတော်ကြွခိုင်ရေးလုပ်ငန်းများဆောင်ရွက်ရန် ငြမ်းစေတီတည်ဆောက်ထားပြီးဖြစ်သည်။

ရှေးယခင်ပညာရှင်များ၏ ရေးသားမှတ်တမ်းတင်ခဲ့သော အကြံပြုချက်များအရ စေတီတော်ကြီး၏ အင်္ဂါရပ်တော်အသီးသီးအနက် သေးသွယ်အားနည်းသော ကြာလှန်၊ ကြာမှောက်ဇရိယာကို ပိုမိုကြံ့ခိုင်တောင့်တင်းစေရန် အားဖြည့်မွမ်းမံခြင်းလုပ်ငန်းကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်သွားမည်ဖြစ်သည်။ အခွင့်အခါကြုံဆုံစည်းသောကာလတွင် ရဟန်းရှင်လူပြည်သူများအနေဖြင့် သဒ္ဓါတတ်အားနည်းများမဟူ ပါဝင်လှူဒါန်းနိုင်ကြသည်။

**လှူဒါန်းနိုင်**

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေစင်၊ ရွှေပြားများအား ပုဂ္ဂလိကကုသိုလ်ဒါနအနေဖြင့် ပါဝင်လှူဒါန်းလိုပါက အောက်ပါအတိုင်း ကမ္ပည်းမော်ကွန်းရေးထိုး၍ လှူဒါန်းနိုင်ပါသည်-

| | | | | | | |
|---|---|---|---|---|---|---|
| (၁) ရွှေစင် | ၆ | ကျပ်သား | ၁ ချပ် | ကျပ် | ၃၁၂၀၀၀၀ | နှုန်း |
| (၂) ရွှေစင် | ၃ | ကျပ်သား | ၁ ချပ် | ကျပ် | ၁၅၆၀၀၀၀ | နှုန်း |
| (၃) ရွှေစင် | ၁½ | ကျပ်သား | ၁ ချပ် | ကျပ် | ၇၈၀၀၀၀ | နှုန်း |
| (၄) ရွှေစင် | ၁ | ကျပ်သား | ၁ ချပ် | ကျပ် | ၅၂၀၀၀၀ | နှုန်း |

**ဆက်သွယ်နိုင်**

လှူဒါန်းလိုသူများသည် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး ဖုန်း-၂၅၁၈၅၁၊ ၃၇၅၇၆၇၊ ၃၇၁၀၈၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ရွှေတိဂုံ စေတီတော်ဂေါပကအဖွဲ့

## ၂၀၀၈ ခုနှစ် ဒီဇင်ဘာအားကစားလ ပထမပတ် စုပေါင်းလမ်းလျှောက်ပွဲ ရန်ကုန်တိုင်း၌ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၆**

၂၀၀၈ခုနှစ် ဒီဇင်ဘာအားကစားလ ပထမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက်၆နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်းစုရပ်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီးတို့ တက်ရောက်၍ ပြည်သူလူထုနှင့်အတူ စုပေါင်းပါဝင် လမ်းလျှောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးလှစိုးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများသည် စုရပ်ဖြစ်သော အောင်ဆန်းအားကစားကွင်းမှ စုပေါင်းလမ်းလျှောက်ကြသည်။

ယင်းနောက် ပြည်သူများသည် အောင်ဆန်းအားကစားကွင်းအတွင်း၌ စုပေါင်း ကိုယ်လက်ကြံ့ခိုင်ရေးတို့ကိုပြုလုပ်ကြပြီး အားကစားပြိုင်ပွဲများ၌ တပျော်တပါး ပါဝင်ဆင်နွှဲကြကြောင်း သတင်းရသည်။ (သတင်းစဉ်)

## မုန်တိုင်းငယ်အနောက်မြောက်ယွန်းယွန်းသို့ ရွေ့လျားမည်

မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



ရန်ကုန် ဒီဇင်ဘာ ၆

**ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** တနင်္သာရီတိုင်းတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်ညအပူချိန်မှာ** လွိုင်လင်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ယနေ့မြန်မာစံတော်ချိန် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့်ယင်းနှင့်ဆပ်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းသို့ရောက်ရှိပြီး အိန္ဒိယနိုင်ငံ (ချင်းနိုင်) မြို့၏ အရှေ့တောင်ဘက် မိုင် ၄၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းငယ်သည် အနောက်မြောက်ယွန်းယွန်းသို့ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**ဒီဇင်ဘာ ၇ ရက် ညနေထိ ခန့်မှန်းချက်** ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများတွင် အများအားဖြင့်သာယာမည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**။ ။ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၃၂ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၉၀ ဒီဂရီဖာရင်ဟိုက်) ၅-၁၂-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၁၆ ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၆၂ ဒီဂရီဖာရင်ဟိုက်) ၆-၁၂-၂၀၀၈

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၇၂ရာခိုင်နှုန်း ၆-၁၂-၂၀၀၈

နေပူသည့်နာရီပေါင်း (၉ ဒသမ ၀)နာရီခန့် ၅-၁၂-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၆-၁၂-၂၀၀၈ | မရှိပါ | မရှိပါ | မရှိပါ |
| ၁-၁-၂၀၀၈မှယနေ့အထိ | ၂၈၀၂ မမ (၁၁၀ဒသမ၃လက်မ) | ၃၀၇၂မမ (၁၂၀ဒသမ ၉၅လက်မ) | ၃၅၈၀မမ (၁၄၀ဒသမ ၉၄လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၅-၁၂-၂၀၀၈ ရက် ၁၂း၃၀နာရီအချိန်တွင် တောင်ဘက်မှ တစ်နာရီ ခုနစ်မိုင်နှုန်း တိုက်ခတ်သည်။

## သတိပေး နှိုးဆော်ချက်

ရန်ကုန်မြို့အတွင်းသွားလာလျက်ရှိသည့် မော်တော်ယာဉ်များသည် အရှိန်ပြင်း မောင်းနှင်မှုများကြောင့် ယာဉ်မတော်တဆမှု၊ တိမ်းမှောက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ မိုင်နှုန်းထက် ကျော်လွန်မောင်းနှင်ခြင်းမပြုကြရန်နှင့် မောင်းနှင်ပါကအရှိန်နှုန်းတိုင်းကိရိယာဖြင့်တိုင်းတာပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတိပေး နှိုးဆော်အပ်ပါသည်-

(၁) မြို့တွင်း ခရီးသည်တင်ယာဉ်နှင့်ကုန်တင်ယာဉ်များ တစ်နာရီမိုင် ၂၀ (၃၂ကီလို)

(၂) မြို့တွင်း ကိုယ်ပိုင်ယာဉ်နှင့် အခြားယာဉ်များ တစ်နာရီမိုင်၃၀ (၄၈ကီလို)

(၃) မြို့ပြင်ယာဉ် အားလုံး တစ်နာရီမိုင်၆၀ (၉၆ကီလို)

**ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**




**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ၂၀၀၈ခုနှစ် ဒီဇင်ဘာ ပထမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပြည်သူလူထုနှင့်အတူ စုပေါင်းပါဝင် လမ်းလျှောက်စဉ်။** (သတင်းစဉ်)

## အလွတ်တန်းနှင့် သက်တမ်းအလိုက် ဘတ်စကက်ဘောပြိုင်ပွဲ (ဒုတိယနေ့)

**ရန်ကုန် ဒီဇင်ဘာ ၆**

၂၀၀၈ ခုနှစ် မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အလွတ်တန်းနှင့် သက်တမ်းအလိုက် ဘတ်စကက်ဘောပြိုင်ပွဲ ဒုတိယနေ့ ပွဲစဉ်များကို ယနေ့နံနက် ၈နာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ဆက်လက်ကျင်းပသည်။

ယနေ့ ပွဲစဉ်များတွင် အလွတ်တန်း အမျိုးသားပြိုင်ပွဲ၌ M.B.F အသင်းက သံလွင်အသင်းကို (၆၉-၆၈)မှတ်၊ အမျိုးသမီးပြိုင်ပွဲတွင် စက်မှု(၁) အသင်းက မကွေးအသင်းကို ၁၀၀-၂၈မှတ်၊ အသက်(၂၀) အောက် အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီအသင်းက Furious အသင်းကို ၅၇-၄၄မှတ်၊ D.G.H အသင်းက သံလွင်အသင်းကို ၆၇-၅၄မှတ်၊ အမျိုးသမီးပြိုင်ပွဲတွင် မိုးကုတ်အသင်းက Precious အသင်းကို ၄၈-၃၀မှတ်၊ မန္တလေးအသင်းက I.S.M အသင်းကို ၅၆-၂၇မှတ် တို့ဖြင့် အနိုင်ရရှိသွားသည်။ ယမန်နေ့ပွဲစဉ်များတွင် အသက်(၂၀) အောက် အမျိုးသားပြိုင်ပွဲတွင် I.S.M အသင်းက သံလွင်အသင်းကို ၅၆-၅၂မှတ်၊ အမျိုးသမီးပြိုင်ပွဲတွင် စက်မှု(၁)အသင်းက I.S.M အသင်းကို ၈၅-၃၈မှတ် တို့ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြိုင်ပွဲ၏ တတိယနေ့ ပွဲစဉ်များကို ဒီဇင်ဘာ၇ရက် နံနက် ၇ နာရီခွဲတွင် စတင်ကျင်းပမည်ဖြစ်သည်။(ကြေးမုံ)

**သန်လျင် အ-ထ-က (၃) မိဘဆရာအသင်းကျောင်းအကျိုးတော်ဆောင်အဖွဲ့ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၆ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ငါးဘာသာဂုဏ်ထူးရှင် မောင်အောင်ဇော်ထက်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ကြည်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (၅၂၇)





**အမျိုးသားအလွတ်တန်းပြိုင်ပွဲ၌ Shadows အသင်းနှင့် Fox အသင်းတို့ ယှဉ်ပြိုင်နေစဉ်။**

## သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ



## ပင်လယ်သမုဒ္ဒရာများတွင် ဆူညံသံကြောင့် ဝေလငါးနှင့် လင်းပိုင်များ ထိခိုက်ရ

**အဏ္ဏဝါသိပ္ပံ အင်တာနက်သတင်း | ဘာသာပြန်-တက်လူ**

**ရောမ ဒီဇင်ဘာ ၅**

ကမ္ဘာ့ပင်လယ်သမုဒ္ဒရာများတွင် "အသံဗလံ ညစ်ညမ်းမှု" (Noise Pollution) ပြဿနာကြောင့် ဝေလငါးများနှင့် လင်းပိုင်ငါးများ၏ နေထိုင်ကျက်စားမှုဘဝကို ထိခိုက်နိုင်ကြောင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်များက ဒီဇင်ဘာ ၄ ရက်တွင် သတိပေးလိုက်သည်။

အီတလီနိုင်ငံ ရောမမြို့၌ ကျင်းပသည့် ရွှေ့ပြောင်းနေထိုင်သော တိရစ္ဆာန်များဆိုင်ရာ နိုင်ငံတကာညီလာခံတွင် ယင်းသို့ သတိပေးခြင်းဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳**

## ဘင်္ဂလားပင်လယ်အော်ရှိ မုန်တိုင်းငယ်

### သီရိလင်္ကာနိုင်ငံ အရှေ့ဘက်ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်မည်

**နေပြည်တော် ဒီဇင်ဘာ ၆**

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် သိသိသာသာ အားကောင်းလာခြင်းမရှိဘဲ အနောက်တောင်ယွန်းယွန်းသို့ ရွေ့လျားလာခဲ့ပြီး ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်များအရ သီရိလင်္ကာနိုင်ငံ (ထရင်ကိုမာလီ)မြို့၏ အရှေ့တောင်ယွန်းယွန်း မိုင် ၁၄၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အဆိုပါ မုန်တိုင်းငယ်သည် အနောက်တောင်ယွန်းယွန်းသို့ ဆက်လက်ရွေ့လျားပြီး ယနေ့ညနေမှ နောက် ၂၄ နာရီအတွင်း သီရိလင်္ကာနိုင်ငံ အရှေ့ဘက်ကမ်းခြေကို (ထရင်ကိုမာလီ)မြို့တောင်ဘက်မှ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

## စုပေါင်း လမ်းလျှောက်

**၂၀၀၈ ခုနှစ် ဒီဇင်ဘာ လူထု အားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို နေပြည်တော် မြို့မဈေး အရှေ့၌ ကျင်းပရာ ဝန်ကြီးဌာနအသီးသီးတို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ပြည်သူများ တပျော်တပါး ပါဝင်ဆင်နွှဲကြစဉ်။**

(သတင်း-စာမျက်နှာ-၃)

(သတင်းစဉ်)

## စပါးသီးနှံ အလေအလွင့်မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။

၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ်ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။

၃။ ခြွေလှေ့ပြီး စပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။

၄။ ရိတ်-ခြွေ-သိမ်းလုပ်ငန်းများကို ဆက်တိုက်မဆောင်ရွက်ပါက တစ်ဧကလျှင် အနည်းဆုံးစပါး သုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ဧက ၁၇ သန်းမှ စပါးတင်း သန်းပေါင်း ၅၁ သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါး ပမာဏသည် လူဦးရေ ၃ ဒသမ ၄ သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေး ညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။

၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်း လုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ရန်ကုန်မြို့ မိုင်၃၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်မှုများ



**ရေပေးဝေနိုင်မည့် စိုက်ဧကများမှာ**
**ပဲခူးတိုင်းအတွက် စိုက်ဧက ၁၀၀၀၀နှင့်**
**ရန်ကုန်တိုင်းအတွက် စိုက်ဧက ၅၅၀၀၀ဖြစ်**

**သတင်းဆောင်းပါး- ကျော်ဇေယျာမြင့်(ကြေးမုံ)**
**သတင်းဓာတ်ပုံ- ငွေးအောင်(ကြေးမုံ)**

စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့ ဝန်းကျင်အား တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်စေရန် ရည်ရွယ်၍ ရန်ကုန်မြို့တော် မိုင် ၃၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ကြေးမုံသတင်းအဖွဲ့သည် ရန်ကုန်မြို့တော် မိုင် ၃၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးရေရရှိရန် ဆည်မြောင်းဦးစီးဌာန၏ဆောင်ရွက်မှုများကို သိရှိနိုင်ရန် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ ဦးစီးအရာရှိ ဦးအောင်ကြည်နှင့်အတူ ပဲခူးတိုင်း ကဝမြို့နယ် သက္ကလသို့ သွားရောက်လေ့လာခဲ့ကြသည်။

မိမိတို့သတင်းအဖွဲ့သည် ရန်ကုန်မှ နံနက် ၇ နာရီခွဲခန့်တွင် စတင်ထွက်ခွာခဲ့ကြပြီး ပဲခူးတိုင်း ကဝမြို့နယ် သက္ကလသို့ နံနက် ၁၁ နာရီခန့်တွင် ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ ဦးစီးမှူး ဦးမြင့်ဝေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❁**

**ပဲခူးတိုင်း သနပ်ပင်မြို့နယ် အုန်းနဲကျေးရွာတွင် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ တည်ဆောက်ထားသော ရေထိန်းရေကျ အဆောက်အအုံကို တွေ့ရစဉ်။**